# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၉၄)၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၁၉-၆-၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇွန် ၁၈

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသရရှိစေရန် ရည်ရွယ်ချက်များဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးဧရိယာအတွင်းရှိ ယာယီအရာထမ်းအိမ်ရာဝန်းကျင်၌ ကျင်းပသည်။

### လှည့်လည်ကြည့်ရှုအားပေး

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှာစကားပြောကြားကာ ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးပြီး (ယာပုံ) ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များကို အမျိုးသားရေးလုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

### ထိန်းသိမ်းပြုစု

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံးနှင့် ကျောင်းများတွင်လည်း ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်း ကျင်းပ၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်နှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့တွင် ပျိုးပင်ပေါင်း ၈၆၂၀ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်း အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်မြို့ (ဟန်မြင့်မိုရ်) အခြေခံပညာအထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့ (ဘယ်လင်း)အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုနှင့် စာစစ်ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပမိရုပ် ကောင်းမွန်ရေး၊ စာမေးပွဲကာလအတွင်း စာသင်ရပ်နားထားသည့် ကျောင်းသား ကျောင်းသူများ စာသင်ချိန်ပြည့်မီအောင် ပြန်လည်ဖြည့်ဆည်းသင်ကြားပေးရေး၊စာသင်ဆောင်၊ကျောင်းဆောင်များ အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယနေ့ကျင်းပသည့် စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးရှိ ခရိုင် ၁၀ ခရိုင်၊ ၂၅ မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၁၀၁ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၃၄၂၄၁ ဦး စာရင်းပေးသွင်းကြပြီး သင်္ချာဘာသာရပ်ကို ၃၃၇၆၃ ဦးဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၀ ရာခိုင်နှုန်း ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ စာစစ်ဌာနစုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၇၉၂ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၂ ရာခိုင်နှုန်းရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စီမံဆိုင်ရာ၊ သင်ကြားသင်ယူမှုဆိုင်ရာ အရည်အသွေးများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည်ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇကျောင်းဆောင်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်၊ ပုဂ္ဂလိကကျောင်း တည်ထောင်သူ၊ ကျောင်းအုပ်ကြီးများ၊ International School တည်ထောင်သူ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းခွဲ အလက(၁) ကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ်၊ ဇွန် ၁၉ ရက်၊ ကြာသပတေးနေ့။
မန္တလေး

## ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ယနေ့ဆိုလျှင် ဝန်ကြီးဌာန (၄) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မီစေရေး၊ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အဓိကထားတာဝန်ယူဆောင်ရွက်ရသည့်အတွက် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇွန် ၁၇ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၄) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများ၌ ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးမြင့်စိုးက မိမိတို့ဝန်ကြီးဌာန၏ (၄) နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် ဘွဲ့၊ တံဆိပ်ရရှိသူများ၊ စပါးအထွက်တိုးဆု၊ ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ ဌာန၏လုပ်ငန်းစဉ်များအပေါ် အကောင်းဆုံး အကောင်အထည်ဖော်နိုင်မှုဆု၊ ကျေးလက်လမ်း၊ တံတားများ အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှုဆုနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုရရှိကြသူများအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အခြားဝန်ကြီးဌာနများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ဂျာကင်နှင့် တူညီဝတ်စုံများ၊ ဝန်ထမ်းသားသမီးများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံစသည့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သော ဝန်ထမ်းများအတွက် ပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့သည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် အသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးခြင်းလုပ်ငန်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း၊ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်း၊ လယ်ယာအထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်းများ ပေါ်ပေါက်လာရေးနှင့် လယ်ယာသွင်းအားစုများ ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု သမဝါယမအသင်းများအား အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်း၊ အကူအညီ၊ အထောက်အပံ့နှင့် ငွေကြေးအရင်းအနှီး ရယူဆောင်ရွက်ရေးလုပ်ငန်း၊ သမဝါယမပညာပေးရေးလုပ်ငန်းများနှင့်ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ၈၉လမ်း၊ ၃၆လမ်းထောင့်နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ဧရာဝတီကမ်းနားလမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့်အစီအစဉ်ကို ဇွန် ၁၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ ဧရာထွန်း(၁)၊ (ဆ)ရပ်ကွက်၊ အောင်သိဒ္ဓိမွှာရုံရှေ့တွင်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၉လမ်းနှင့် ၁၄၀လမ်းထောင့်တို့တွင်လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၈လမ်း၊ လမ်း၆၀နှင့် ၆၂ လမ်းကြား၊ တံမြက်စည်းစုရပ်ကွက်နှင့် အမရပူရမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရပ်ကွက်၊ စွယ်တော်ဘုရားမြောက်ဘက်တို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

ဝ-ဝ-ဝ-ဝ-ဝ

## မြို့တော်စည်ပင်ဝန်ထမ်းများအား (၇) ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့



**မန္တလေး ဇွန် ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၇) ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ၆ ထပ်ဆောင်အောက်မြေညီထပ်တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှသိရသည်။

(၇) ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက်(၁၀၀)စီး၊ ဗူးသီး(၃၃)လုံး၊ ခရမ်းသီး(၁၀၀)ထုတ်၊ ငရုပ်သီး(၁၅၂)ထုတ်၊ ဗူးညွန့်နှင့်ဖရုံညွန့်(၁၀၅)စီး၊ ခရမ်းကစော့သီး(၁၈)ထုတ်တို့ကို စီမံရေးရာဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့(ပြင်ပ)ရှိ ဝန်ထမ်း(၈၀)ဦး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန (၁၉၂)ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိဝန်ထမ်း(၃၅)ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းသိရသည်။

(အပေါ်ခဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

## တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးကောင်ရေ ခုနှစ်သိန်း စိုက်ထည့်

**မန္တလေး ဇွန် ၁၈**

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ပြုလုပ်သော ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ကျွဲစွန်းဆိပ်ကမ်းတွင် ကျင်းပပြုလုပ်ကြသည်။

အခမ်းအနားတွင် ငါးခုံးမကြီးကောင်ရေ လေးသိန်း၊ ရွှေဝါငါးကြင်းကောင်ရေ နှစ်သိန်း၊ ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ စုစုပေါင်းငါးကောင်ရေ ခုနှစ်သိန်းကို ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဌာနမှူး ဦးထွန်းထွန်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးငြိမ်း၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သရက်ကုန်း ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးထွန်းနောင်ဝင်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်စန်းစန်းဦးနှင့် ငါးလုပ်ငန်းဦးစီး ဌာနဝန်ထမ်းများက ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြကြောင်း သိရသည်။

(ဝ၉၃)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မြန်မာ - တရုတ်သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ - တရုတ်သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် ဇွန် ၁၈

မြန်မာ - တရုတ်နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းသည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု ပေါက်ဖော်နှလုံးသားထဲမှ စကားသံများ စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ တရုတ် - မြန်မာချစ်ကြည်ရေးအသင်း၊ တရုတ်-မြန်မာကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်မြို့ရှိ တရုတ်သတင်းအေဂျင်စီများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ခန်းမအတွင်း တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှုစာအုပ်များ၊ မှတ်တမ်းနှင့် DVD များ ခင်းကျင်းပြသပေးဝေနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ယနေ့ မိတ်ဆက်သည့် ဓာတ်လမ်းပုံပြင်များ စုစည်းမှု စာအုပ်သည် နှစ်နိုင်ငံပြည်သူများ၏ နက်ရှိုင်းသည့် ချစ်ကြည်ရင်းနှီးမှုများကို စာအုပ်တွင် မှတ်တမ်းတင်ထားရှိပြီး များပြားလှစွာသော ပြည်သူလူထုထံသို့ ပျံ့နှံ့စေရန်ဖြန့်ဝေ၍နောင်လာနောက်သားမျိုးဆက်သစ် လူငယ်များထံ လက်ဆင့်ကမ်းသွားရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့တွင် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅) နှစ်ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်နိုင်ငံပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံမှုကို ဖော်ညွှန်းသော စာပေများကို စုစည်းဆောင်ရွက်ခြင်းဖြစ်၍ အလွန်ကောင်းမွန်သော ရည်ရွယ်ချက်လည်း ဖြစ်ပါကြောင်း။

### တရုတ်ဂန္ထဝင်ဝတ္ထုရှည်ဖြစ်

တရုတ် - မြန်မာဘာသာပြန်စာပေနှင့် ကဗျာများသည် မြန်မာနိုင်ငံတွင်လည်း ထင်ရှားပြီး တရုတ်ဂန္ထဝင် ဝတ္ထုရှည်ဖြစ်သော Dream of the Red Chamber ဝတ္ထုသည် တရုတ်နိုင်ငံ၏ ကျော်ကြားသော ဂန္ထဝင်လက်ရာ စာအုပ်လေးအုပ်ထဲမှ တစ်အုပ်အနေဖြင့် ပါဝင်သည်ဟု သိရပါကြောင်း၊ ထိုစာအုပ်ကို ကွယ်လွန်ခဲ့ပြီဖြစ်သော ဆရာကြီး မြသန်းတင့်က "ခန်းဆောင်နီအိပ်မက်" အမည်ဖြင့် ဘာသာပြန်ဆိုထုတ်ဝေခဲ့ရာ၌ ၁၉၈၈ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိခဲ့ပါကြောင်း၊ ထိုဝတ္ထုကို GXR TV က ရိုက်ကူးပြသခဲ့ရာ တရုတ်နိုင်ငံ၌ ထင်ရှားကျော်ကြားသည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာဘာသာပြန်ဆိုပြသခဲ့ရာ ပရိသတ်များ နှစ်ခြိုက်သဘောကျခဲ့ပါကြောင်း။

ထို့အပြင် နာမည်ကျော် တရုတ်စာရေးဆရာကြီး လူရွှန်း (Lu Hsun) သည်လည်း မြန်မာစာဖတ်ပရိသတ်များနှင့် မစိမ်းသည့် စာရေးဆရာတစ်ဦးပင် ဖြစ်ပါကြောင်း၊ လူရွှန်း၏ စာအုပ်များစွာကို ဘာသာပြန်ဆိုခဲ့ခြင်းများ ရှိပါကြောင်း၊ Selected Works of Lu Hsun စာအုပ်ကို စာရေးဆရာကြီး စိုးမြိုင်က "လူရွှန်း၏လက်ရွေးစင်စာပေ"ဟု ဘာသာပြန်ဆိုရေးသားခဲ့ရာ မြန်မာစာဖတ်ပရိသတ်များ နှစ်သက်ကြပြီး စာရေးဆရာကြီး မြသန်းတင့်၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတို ၂၅ ပုဒ် စုစည်းထုတ်ဝေခဲ့ရာတွင် စာရေးဆရာ လူရွှန်း၏ စာပေများပါဝင်ခဲ့ပါကြောင်း ၊ နှစ်နိုင်ငံကျွမ်းကျင်ပညာရှင်များက မြန်မာ-တရုတ် စာပေများကို ဘာသာပြန်ဆိုမှုကဏ္ဍမှ ကူးလူးဖလှယ်မှုကို ပိုမိုမြှင့်တင်ပြီး တိုးတက်လာစေဖို့ အတူတကွ ဖော်ဆောင်ကြရန် မျှော်လင့်ပါကြောင်း၊ ခေတ်အဆက်ဆက် လက်ချင်းယှက်ပြီး ရင်းနှီးချစ်ကြည်ခဲ့ကြသည့် မြန်မာ-တရုတ်ဆက်ဆံရေး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်သံအမတ်ကြီး မစ္စမာကျားတို့က ပေါက်ဖော်နှလုံးသားထဲမှ စကားသံများ မြန်မာ-တရုတ် နှစ်ဘာသာဖြင့် ထုတ်ဝေရေးသားထားသည့် စာအုပ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်း၊ ပုံပြင်များ စုစည်းမှုတွင် ယန်စီ၊ ဧရာဝတီ ကမ္ဘာတည်သရွေ့ စာမူရေးသားသူ စာရေးဆရာမ တက္ကသိုလ် မြမဥ္ဇူနှင့် တရုတ်နှင့် မြန်မာဘာသာ စကားကျွမ်းကျင်သော စေတနာ့ဝန်ထမ်းအားလုံးကို ရည်ညွှန်းသောစာမူကို ရေးသားသူ Ms. Li Lili တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် မြန်မာ - တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းထားသည့် ကဗျာနှင့် ယူနန်ပြည်နယ် တိုင်းရင်းသားတက္ကသိုလ်မှ ကျောင်းသားကျောင်းသူလေးများနှင့် နားမကြားသော ကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူများက ထာဝရချစ်ကြည်ရေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ထူးချွန်ဆု၊ တတိယဆုနှင့် ဒုတိယဆုရရှိသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက လည်းကောင်း၊ ယန်စီ၊ ဧရာဝတီ ကမ္ဘာတည်သရွေ့ စာမူရေးသားသူ ပထမဆုရရှိသည့် စာရေးဆရာမ တက္ကသိုလ်မြမဥ္ဇူအား ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

"ပေါက်ဖော်နှလုံးသားထဲက စကားသံ" ဓာတ်လမ်းပုံပြင်များ စုစည်းထားသည့် စာအုပ်ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅) နှစ်မြောက်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံမှုကို ပြသနိုင်ရန် ၂၀၂၅ ခုနှစ် မတ် ၁၈ ရက်က ဖိတ်ခေါ်ခဲ့ကာ ပြိုင်ပွဲဝင်များ၏ လက်ရာဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများကို စုစည်းထားပြီး ဆုချီးမြှင့်မှုအနေဖြင့် ပထမဆု တစ်ဆု၊ ဒုတိယဆု သုံးဆု၊ တတိယဆု နှစ်ဆုနှင့် အခြားဆုများကို ချီးမြှင့်ခဲ့သည်။

အဆိုပါ စာအုပ်ကို အပြန်အလှန် ဖေးမကူညီခြင်း၊ မမေ့နိုင်ဖွယ် ရွှေရောင်အချိန်ကာလ၊ အတူတကွ ပူးပေါင်းဆောင်ရွက်မှု၊ စာပေယဉ်ကျေးမှုများ၊ အပြန်အလှန်ချိတ်ဆက်မှု၊ ပြည်သူများ စိတ်နှလုံးချင်းဆက်သွယ်မှု ဟူသည့် အခန်း ငါးခန်းခွဲကာ နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု၊ မရေမတွက်နိုင်သော ရင်ခုန်ဖွယ်၊ ကြည်နူးဖွယ်ကောင်းသည့် ဓာတ်လမ်းပုံပြင်များ၊ တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေး ထာဝရဆက်ခံမည့် သမိုင်းဝင်ပုံပြင်များ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းအသီးသီးမှ ချစ်ကြည်ရင်းနှီးမှု ဓာတ်လမ်းများကို စုစည်းကာ တရုတ် - မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားကြောင်း သိရသည်။

**သတင်းစဉ်**

---

## မိုးစပါးစိုက် ၁၁၀၇၆ ဧက စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိ



မိုးနဲ ဇွန် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၌ ဒေသအတွင်း ဆန်စပါးဖူလုံပိုလျှံရေးအတွက် မိုးစပါး ၁၁၀၇၆ ဧက စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနဲမြို့နယ်အနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် လယ်စပါး ရွှေရင်အေး၊ DU-8 မျိုးစပါးများနှင့် DU-12 မျိုးကို အများဆုံး စိုက်လျက်ရှိပြီး၊ ယာစပါးများ အဖြစ်ခေါက်ဖီယန်၊ ခေါက်မီးကွတ်၊ ခေါက်လှိုင်ဟွမ် စပါးမျိုးများကို စိုက်ပျိုးကြပြီး ပေါင်စနစ်ဖြင့် ဧက ၁၅၀၀၊ ရိုးရိုးပျိုးထောင်စိုက်ပျိုးခြင်း ၈၀၆၆ ဧက၊ Drum Seeder အစေ့ချစိုက်ပျိုးခြင်း ဧက ၂၀၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ၁၀ ဧက၊ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း ဧက ၁၄၈၀ စုစုပေါင်း မိုးစပါးစိုက်ဧက ၁၁၀၇၆ ကို စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများနှင့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပြီး စပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိန်ကိုက်အချိုးကျထည့်သွင်းနိုင်ရေး၊ စပါးဖျက်ပိုးမွှားအန္တရာယ် စနစ်တကျကာကွယ်နှိမ်နင်းရေးတို့အတွက် တောင်သူပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက ပြောသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာကင်ချုံအီ အား ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာကင်ချုံအီ အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည်။

မစ္စတာကင်ချုံအီသည် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းအနေဖြင့် ၁၉၈၄ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတကာဆက်ဆံရေး တက္ကသိုလ်မှ လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ခေတ်သစ်ဘာသာစကားဆိုင်ရာ အမျိုးသားတက္ကသိုလ်မှ လည်းကောင်း ဘွဲ့ရရှိခဲ့သည်။ မစ္စတာကင်ချုံအီသည် ၁၉၈၇ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာနတွင် အရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် တတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်၊ အနောက်တောင်နှင့် သမုဒ္ဒရာနိုင်ငံများဌာနတွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆက်လက်၍ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတွင် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယခင်ဌာနတွင်ပင် ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာကင်ချုံအီအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ရုံးတွင် ဒေသဆိုင်ရာ တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် သံမှူးအဖြစ် လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မူဝါဒရေးရာဌာနတွင် အကြီးတန်းအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာန - ၂ တွင် အကြီးတန်းအရာရှိအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာန - ၂ တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇွန် ၁၉

ကပ္ပတိန်(ရေတပ်အငြိမ်းစား)ဖြစ်သူ ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင် အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

### မဟာသိပ္ပံဘွဲ့ရရှိ

ကပ္ပတိန် (ရေတပ်အငြိမ်းစား) ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင်ကို ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ ဟာ့ဗ်ဒ်ရှိုင်းယားတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Bangladesh University of Professionals မှ စစ်ဘက်ရေးရာလေ့လာမှု မဟာသိပ္ပံဘွဲ့ရရှိခဲ့သည်။

### စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့

တော်ဝင်ဘရူနိုင်းတပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်စဉ် ကပ္ပတိန် ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင် သည် ၁၉၉၇ ခုနှစ်တွင် အလုပ်သင်အရာရှိလောင်းအဆင့်မှစတင်၍ ၂၀၂၄ ခုနှစ်တွင် တော်ဝင်ဘရူနိုင်းတပ်မတော် (ရေ) ယာယီဗိုလ်မှူးကြီး အဆင့်အထိ အဆင့်ဆင့် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ စစ်သံရုံးတွင် စစ်သံမှူးအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မုံရွာ ဇွန် ၁၈

၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၃)နှစ် အောက်အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ရေဦးမြို့နယ်အသင်းနှင့် ကလေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေဦးမြို့နယ်အသင်းက ၂ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိသွားသည်။



### တံခွန်စိုက်ဒိုင်းဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများက အမျိုးသား အမျိုးသမီး ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်း ဆုံးဆုရရှိကြသူများ၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ သတ်မှတ်ကျောင်းဆောင်များ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယရက်အဖြစ် သင်္ချာဘာသာရပ်ကို ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် စာစစ်ဌာန ၂၅ ခုတွင် စာရင်းရှိ ၈၂၀၅ ဦး၊ သင်္ချာဘာသာရပ်ဖြေဆိုသူ စုစုပေါင်း ၈၀၄၀ ရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်း ၉၇ ဒသမ ၉၉ ရှိပြီး မုံရွာမြို့နယ်အနေဖြင့် အမှတ်(၂) အခြေခံပညာနှင့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း-အလုံတွင် ဖြေဆိုသူ ၂၄၄ ဦးနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုသူ ၄၆၇ ဦးရှိသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း - ခွဲ၌ ကျင်းပသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

### ဓာတ်တိုက်လေ့ကျင့်

ထို့နောက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဖြစ်ပွားလာပါက လိုက်နာရန်အချက်များကို ဆွေးနွေးဟောပြောပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်ပါက ကျောင်းသား ကျောင်းသူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရေး သရုပ်ပြလေ့ကျင့်နေမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်း ဓာတ်တိုက်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၈

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ညောင်ဦးခရိုင်အတွင်း စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12)အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဝင်ရောက်ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး ဇွန် ၁၈**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ပြန်လည်ကျင်းပ စစ်ဆေးခြင်းများကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဇွန် ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း သတ်မှတ်စာစစ်ဌာန ၁၀၁ ခုတွင် ယနေ့ သချာင်္ဘာသာရပ်၌ စုစုပေါင်း ဝင်ရောက်ဖြေဆိုသူ ၃၃၇၆၃ ဦး (ဖြေဆိုသည့်ရာခိုင်နှုန်း ၉၈ ဒသမ ၆၀ ရာခိုင်နှုန်း)ရှိခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ပင်မ)နှင့် အခြေခံပညာအထက်တန်းကျောင်း(တိုးချဲ့) စာစစ်ဌာနများသို့လည်းကောင်း၊ ညောင်ဦးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(တောင်ဇင်း)၊ အခြေခံပညာအထက်တန်းကျောင်း (ညောင်ဦး)၊ အခြေခံပညာအထက်တန်းကျောင်း(ပုဂံ) စာစစ်ဌာနများသို့လည်းကောင်း သွားရောက်၍ စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများနှင့် အခြေခံပညာအထက်တန်းကျောင်း(ပုဂံ) စာစစ်ဌာနတွင် ကျန်းမာရေးဆေးပေးခန်း၌ စာမေးပွဲဖြေဆိုနေစဉ် ကျောင်းသူတစ်ဦး သွေးအားနည်းမူးမော်မှုကြောင့် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀

၀-၀-၀-၀




















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို၊ ပြုပြင်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ညောင်ဦးခရိုင်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်ဖူးမြော်ရာတွင် အာနန္ဒာဂူဘုရားကြီး၊ ထီးလိုမင်းလိုဂူဘုရားကြီးနှင့် ရွှေစည်းခုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများလှူဒါန်းခဲ့သည်။

အဆိုပါ ဘုရားများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား ဂေါပကအဖွဲ့နှင့်တာဝန်ရှိသူများက အာနန္ဒာဂူဘုရားကြီး စောင်းတန်း(၃)သွယ်ရှိ ရွှေဇဝါယွန်းများ ရွှေမိုက်ထုတ်ခြင်း၊ Easy Gold ဖြင့် ရွှေချလုပ်ငန်းဆောင်ရွက်မည့် အစီအမံများ၊ ထီးလိုမင်းလိုဂူဘုရားရင်ပြင် သဲကျောက်ပြားခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရွှေစည်းခုံစေတီတော်ကြီးတွင် ကဏ္ဍာအလိုက် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသအတွင်း ရေကြီးရေဝပ်မှုထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရှေးဟောင်းရေကန်များနှင့် ရှေးခေတ်ရေအသုံးချမှုစနစ်ပြန်လည်ဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုများ၊ သရပါတံတားအောက်ရှိ ရေနုတ်အဆောက်အအုံအား တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုခဲ့သည်။

ငှင်းနောက် ညောင်ဦးမြို့နယ်

**စာမျက်နှာ ၇ သို့** ❖

































❖ စာမျက်နှာ ၆ မှ

စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ညောင်ဦးမြို့မှ ပုဂံမြို့သွား အနော်ရထာနှစ်လမ်းသွားလမ်းမကြီးပေါ် မိုးရွာသွန်းမှုများချိန်၌ ရေကြီးရေဝပ်ခြင်းများ မဖြစ်ပေါ်စေရန်၊ ရေစီးရေလာကောင်းမွန်စေရန်၊ ယာဉ်ဖြတ်သန်းသွားလာမှု ချောမွေ့စေရန် Box Culvert နှစ်စင်း ဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေလမ်းကြောင်းအမှတ်(၂)ပြုပြင်တူးဖော်ခြင်း၊ ရေကျော်များပြုပြင်တည်ဆောက်ခြင်းနှင့်လိုအပ်သော မြေထိန်းနံရံများတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်နေသော ဘက်စုံသုံးမြို့နယ်ခန်းမအဆောက်အအုံအသစ်တည်ဆောက်နေမှုနှင့်လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် လုံခြုံရေးအဖွဲ့များနှင့်တွေ့ဆုံအားပေးစကားများပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အနော်ရထာခန်းမ၌ ကျင်းပသည့် ညောင်ဦးခရိုင်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် ညောင်ဦးခရိုင်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို တပ်ဖွဲ့ဝင်များထံ ထောက်ပံ့ပေးအပ်ပြီးနောက် တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား နှုတ်ဆက်အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**










သတင်း စာမျက်နှာ ၅










# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၈

**မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**



**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ နဝလောဟာကျောင်းတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ သကျဓိတာ သီလရှင်စာသင်တိုက်နှင့် နဝလောဟာကျောင်းတိုက်များ၌ ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့အတွင်းရှိငလျင်ဘေးဒဏ်သင့် လူနေအဆောက်အအုံများ၊ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာများရှိ အပြိုအပျက်များကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆောင်ရွက်နေသူများအား အချိုရည်များပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့ ရွှေဟင်္သာ တိုက်သစ် ဩဝါဒါစရိယဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀ အား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှဝေခဲ့သည်။

ထို့နောက် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ စစ်ကိုင်းတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေလွတ်နေရာကို စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများနှင့် အမှိုက်များစွန့်ပစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး စနစ်တကျစွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန်ကျန်ရှိနေသည့် “ A ” အဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေနှင့် ဖယ်ရှားရှင်းလင်းရာမှ တွေ့ရှိသော ပစ္စည်းများကို ပစ္စည်းလက်ခံရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျ အပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုအခြေအနေများအားလည်းကောင်း၊ သက်ဆိုင်ရာ ပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နှင့် အောင်နန်းအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများ၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဿျောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တမ္ပဝတီကျောင်း၊ အလယ်တိုက်ကြီးတို့ရှိ အပျက်အစီးများကို တပ်မတော်သားစစ်သည်များနှင့်အတူ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားခြင်းနှင့်ပတ်သက်၍ ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားပြုစုရေးအတွက်ပျူခေတ်ဆိုင်ရာအထောက်အထား အချက်အလက်များ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ ပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ပျူခေတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့် လေ့လာသူ ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာ ကိုးကားစရာအဖြစ် လွန်ခဲ့သော နှစ် (၅၀) ကျော်က ရေးသားထားသည့် **“အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း”** သာရှိခဲ့ရာမှ နောက်ပိုင်းတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာ သုတေသနပြု အသစ်တွေ့ရှိချက်များ၊ ပြည်ပခေတ်ခွဲခန်းများမှ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလသမိုင်းစဉ်သည်လည်း ပိုမို၍ ရုပ်လုံးပေါ် ပြည့်စုံလာပြီဟုယူဆရပြီး တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အား ပြန်လည်ဖြည့်စွက်ပြင်ဆင်ရေးသားနိုင်မည့် ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပျူအက္ခရာ၊ ပျူစာပေ၊ ပျူအသံထွက်၊ ပျူအနုပညာ၊ ပျူဂီတ၊ ပျူအကနှင့် ဝတ်စားဆင်ယင်မှု အထောက်အထားများနှင့် ပတ်သက်၍ ပညာရှင်များ ပါဝင်ဆွေးနွေးရန် ဖိတ်ခေါ်သည်။

ထို့နောက် တက်ရောက်လာသူများက သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိသည့် ဟိန္ဒူဘာသာ အထောက်အထားများ၊ ပျူဂီတ၊ ပျူသီချင်း၊ အကဝိသေသလက္ခဏာများ၊ အနုသုခုမဆိုင်ရာ သုတေသန တွေ့ရှိချက်များနှင့် ပျူခေတ်ဂီတအနုပညာဆိုင်ရာ အထောက်အထားများ၊ ပျူခေတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သုတေသနပြုတွေ့ရှိချက်များ၊ ပျူအက္ခရာ၊ ပျူအသံထွက်၊ ပျူစာပေဆိုင်ရာ သုတေသနပြု တွေ့ရှိချက်များ၊ ပျူခေတ်ရေအသုံးချမှု၊ ရေစီမံခန့်ခွဲမှု၊ မြို့ရိုးမြို့တာ ကာကွယ်ရေးစနစ်များ သုတေသနပြုတွေ့ရှိချက်များ၊ သံခေတ်နှင့် ပျူခေတ် DNA သုတေသန ဆောင်ရွက်နေမှုနှင့် ကာဗွန်သက်တမ်းသုတေသနဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ မန္တလေးမြို့တော်ဝန် နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းပြီးစီးမှုနှင့် လမ်းတိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မန္တလေး ဇွန် ၁၈**

မန္တလေးမြို့တော်ကြီးအား စိမ်းလန်းစိုပြည်သာယာလှပသော မြို့တော်ဖြစ်စေရန် တိုင်းဒေသကြီး အစိုးရ ဦးဆောင်မှုဖြင့် နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် ၁၁၁လမ်းနှင့်၁၁၂လမ်းကြား၊ ၇၃လမ်းနှင့် ၇၅လမ်းကြား၌ (၂၀၂၅)ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့တော်စည်ပင် ဌာန (၁၄)ခုမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများ စုစုပေါင်းအင်အား (၅၀၀)ကျော် တက်ရောက်ကြပြီး သတ်မှတ်နေရာ အသီးသီး၌ အရိပ်ရ မယ်ဇလီပင် (၉၀၉)ပင်ကို တပျော်တပါး တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်စီမံချက်ဖြင့် မန္တလေး (၆)မြို့နယ်၌ အရိပ်ရပင် (၁၅၀၀၀)နှင့် ပန်းအလှပင် (၅၀၀၀)ကို ယခု ဇွန်လအတွင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယနေ့ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနေရာသည် အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် ၇၃လမ်း၏ ဘေး ဝဲ၊ယာ၌ သစ်ပင်လုံးဝမရှိသည့်အတွက် အရိပ်လည်းရ၊ တစ်နှစ်ပတ်လုံး အစိမ်းရောင်ပေးကာ လေဒဏ်၊ မိုးဒဏ်ခံနိုင်သည့် ပျိုးပင်သက်တမ်း (၅)နှစ်မှ (၇)နှစ်ကြားရှိ (၄)ပေအထက်ရှိသော သန့်စွမ်းသည့် မယ်ဇယ်ပင်များကို ရွေးချယ်၍ စိုက်ပျိုးပေးခြင်းဖြစ်ကြောင်း၊ တစ်ပင်စိုက် တစ်ပင် ရှင်သန်နေရမည်ဖြစ်ပြီး တစ်အုပ်တစ်မစိမ်းလန်းစိုပြည်နေအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် မြို့တော်စည်ပင်အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင် (၁)ဦးမြင့်ဦးနှင့် လမ်းတံတားဌာန ဌာနမှူးတို့ လိုက်ပါ၍ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ ရောက်ရှိကြပြီး ရန်-မန်းလမ်းမကြီးဘက်ခြမ်း စေတီတော်သို့ အဝင်မုခ်ဦးမှ ဘုရားပတ်လမ်းအထိ အရှည်ပေ (၁၅၇၀)× အကျယ်ပေ (၃၀)စီရှိသော အသွား၊အပြန်လမ်း (၂)လမ်း၊ တောင်ဘက်ခြမ်းမုခ်ဦးထိပ်မှ ဘုရားပတ်လမ်းအထိ အရှည် (၇၆၂)ပေ×အကျယ်ပေ(၃၀)စီရှိသော အသွား၊အပြန်လမ်း(၂)လမ်း၊ အရှည်ပေ(၁၂၂၇)×၂၂ပေ အကျယ်ရှိသော စေတီတော်ပတ်လမ်းနှင့် (၁၂၈ပေ×၁၆၀ပေ) အကျယ် ကားပါကင်နေရာများအား နိုင်လွန်ကတ္တရာလမ်း (AC) ခင်းကျင်းပြီးစီးမှု၊ ကျန်ရှိသော ၆၈လမ်း ဘုရားအရှေ့ဘက်မုခ်ဦး ထိပ်မှ စေတီတော်အထိ အရှည် (၁၅၃၀)ပေ×အကျယ်(၂၉)ပေခွဲအား နိုင်လွန်ကတ္တရာလမ်း ဆက်လက်ခင်းကျင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က သတ်မှတ်ထားသည့် အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ လမ်းများ ရေရှည်အသုံးပြုနိုင်အောင်၊ ရေဆင်းကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်ပေးရန် ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မြစ်ငယ်-ထုံးဘိုလမ်းဆုံအနီး ရန်-မန်းလမ်းမကြီးပေါ်ရှိ မန္တလေးမြို့အဝင် တိုးဂိတ်သို့ရောက်ရှိပြီး မြစ်ငယ်တိုးဂိတ်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတစ်လျှောက်တို့တွင် မြို့တော်စည်ပင်နယ်နိမိတ်အစ (၃၉၂မိုင် ၄ဖာလုံ)မှ ထုံးဘိုလမ်းဆုံအထိ စက်ယန္တရားများ အသုံးပြု၍ (၄)လမ်းသွားတိုးချဲ့ခြင်း လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က လမ်းတိုးချဲ့ခြင်းလုပ်ငန်းဆိုင်ရာ ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

မြို့တော်ဝန်က မန္တလေးမြို့အဝင် မြစ်ငယ်တိုးဂိတ်သို့ ယခုအခါ အမြန်လမ်းမှ ဝင်ရောက်လာသည့် ယာဉ်ငယ်များ၊ မူလလမ်းဟောင်း အသုံးပြု ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များတို့ ပေါင်းစပ်ဝင်ရောက်မှု များပြားသဖြင့် မြို့အဝင် ယာဉ်ကြောကြပ်တည်းမှု မဖြစ်စေရေးနှင့် တိုးဂိတ်သန့်ရှင်းသာယာလှပရေးအတွက် တစ်ဖက်လျှင် စက်ဘီးလမ်းအပါအဝင် (၅)လမ်းသွားစီဖြစ်အောင် လမ်းတိုးချဲ့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အင်ဂျင်နီယာလုပ်ငန်းများအတွက် တိုင်းတာပုံထုတ်ရေးဆွဲပြီးဖြစ်၍ လုပ်ငန်းများအား သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန် လမ်းတံတားဌာန ဌာနမှူးအား မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀















## ပါလာမိုအသင်းနှင့်အတူ အောင်မြင်မှုများရယူသွားမည်ဟု နည်းပြသစ် ဖီလစ်ပိုအင်ဇာဂီ ပြောကြား

**တူရင် ဇွန် ၁၈**

နည်းပြသစ် အင်ဇာဂီက မိမိအနေဖြင့် ပါလာမိုအသင်းနှင့်အတူ လာမည့် ဘောလုံးရာသီသစ်တွင် အောင်မြင်မှုများရယူသွားမည်ဖြစ်ကြောင်း၊ မိမိအား နည်းပြသစ်အဖြစ် တာဝန်ပေးအပ်ခဲ့သည့် အသင်းတာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ **(အောက်ပုံ)**

စီးရီးဘီကလပ် ပါလာမိုအသင်းသည် နည်းပြ ဖီလစ်ပိုအင်ဇာဂီအား နှစ်နှစ်စာချုပ် ချုပ်ဆိုကာ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။



နည်းပြ ဖီလစ်ပိုအင်ဇာဂီသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် ဘိုလော့ဂ်နာ၊ အေစီမီလန်၊ ဗင်နီဇီယာ၊ ဘီနီဗန်တို စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ပါလာမိုအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် နည်းပြသစ်ဖီလစ်ပိုအင်ဇာဂီအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ပါလာမိုအသင်းနှင့် စီးရီးဘီချန်ပီယံဆုဖလား ရရှိအောင် ဆောင်ရွက်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ခရစ္စတယ်ပဲလေ့စ်အသင်းသည် ပီအက်စ်ဗွီအသင်း ဂိုးသမား ဝေါလ်တားဘင်နီတက်ဇ်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အဲဗာတန်အသင်းသည် မန်ချက်စတာစီးတီးအသင်း ဝါရင့်နောက်ခံကစားသမား ကိုင်လီဝေါလ်ကာအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

* စီးရီးအေကလပ် နာပိုလီအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာဖွယ်ရှိသည့် တောင်ပံကစားသမား ဆန်ချိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**

## ဆွန်ဟောင်မင်ကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်း ရရှိပါက စပါးအသင်း ရောင်းချသွားမည်

**လန်ဒန် ဇွန် ၁၈**

စပါးအသင်းသည် အသင်းတိုက်စစ်မှူး ဆွန်ဟောင်မင်အား ပြောင်းရွှေ့ကြေး ယူရို ၃၅သန်း ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိအချိန်တွင် နည်းပြမော်ရင်ဟိုကိုင်တွယ်နေသည့် ဖီနာဘာချီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဆွန်ဟောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅၄ ပွဲကစားကာ ၁၇၃ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

စပါးအသင်းကလည်း ဆွန်ဟောင်မင်အတွက် ၎င်းတို့ အလိုရှိနေသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဖီနာဘာချီအသင်းအနေဖြင့် စပါးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဆွန်ဟောင်မင်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ)**

## 2025 Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲ ဇွန် ၂၃ ရက်တွင် စတင်မည်

**လန်ဒန် ဇွန် ၁၈**

အင်္ဂလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန် ၂၃ရက်တွင် စတင်ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ 2025 Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၃ရက်မှ ၂၉ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲ၏လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz နှင့် ဩစတြေးလျတင်းနစ်မယ် Daria Kasatkina တို့ ဖြစ်သည်။ **(အပေါ်ဝဲပုံ)(NGB)**

## ဝက်ကင်းစ်ကို ခေါ်ယူရန် အာဆင်နယ်အသင်း ဆွေးနွေး



**လန်ဒန် ဇွန် ၁၈**

အာဆင်နယ်အသင်းသည် အက်စတွန်ဗီလာအသင်း တိုက်စစ်မှူး ဝက်ကင်းစ်အား စတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၃ပွဲကစားပြီး ၈၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်း ဖြစ်သည်။ **(ဝဲပုံ)**

ဝက်ကင်းစ်ကိုယ်တိုင်ကလည်း အာဆင်နယ်အသင်း၏ ကမ်းလှမ်းလာမှုအပေါ် ပျော်ရွှင်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းထံမှ ဝက်ကင်းစ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဒီယေဂိုကော့ပိုကို ဘရိုက်တန်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၈**

ဘရိုက်တန်အသင်းသည် ဗီရိုနာအသင်း နောက်ခံကစားသမား ဒီယေဂိုကော့ပိုအား စတာလင်ပေါင် ၂၉ ဒသမ ၈ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ဒီယေဂိုကော့ပိုသည် ဗီရိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဘရိုက်တန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။ **(ယာပုံ)**

**(NGB)**



## ကော်တိုရစ်ကို စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်



**မက်ဒရစ် ဇွန် ၁၈**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းဂိုးသမား ကော်တိုရစ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်စီစဉ်လာခြင်း ဖြစ်သည်။

ဂိုးသမား ကော်တိုရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၂ ပွဲကစားပြီး လက်စွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် "ကော်တိုရစ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ဂိုးသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## နည်းပြ အယ်မေးဒါးအား နည်းပြသစ်အဖြစ် ဆီဗီလာအသင်း ခန့်အပ်

**မက်ဒရစ် ဇွန် ၁၈**

ဆီဗီလာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အယ်မေးဒါးအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် AEK အေသင်၊ ရေဗားပလိတ် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သလို ၁၉၉၆-၁၉၉၇ဘောလုံးရာသီ၌ အသင်းတွင် ကစားခဲ့ဖူးသည့် ကစားသမားဟောင်းဖြစ်ခဲ့ဖူးခြင်းကြောင့် နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၅၁)နှစ်အရွယ်ရှိ နည်းပြအယ်မေးဒါးက "ကျွန်တော့်အနေနဲ့ အခုလို ဆီဗီလာအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကိုယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဆီဗီလာအသင်းကို အောင်မြင်တိုးတက်ဖို့ အစွမ်းကုန် ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**





## ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | | |
|---|---|---|---|---|---|
| ၁၉-၆-၂၀၂၅ ကြာသပတေးနေ့ | ည ၁၀း၃၀နာရီ | A | ပါးလ်မီးရက်စ်(ဘရာဇီး) | - | အယ်လ်အာလီ(အီဂျစ်) |
| ၂၀-၆-၂၀၂၅ သောကြာနေ့ | နံနက်၀၁း၃၀နာရီ | A | အင်တာမီယာမီ(အမေရိကန်) | - | ပေါ်တို(ပေါ်တူဂီ) |
| ။ | နံနက် ၀၄း၃၀နာရီ | B | ဆီယက်တဲလ်ဆောင်းဒါးစ်(အမေရိကန်) | - | အက်သလက်တီကို(စပိန်) |
| ။ | နံနက် ၀၇း၃၀နာရီ | B | PSG(ပြင်သစ်) | - | ဘိုတာဖိုဂို(ဘရာဇီး) |



## သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)၏ စတုတ္ထအကြိမ်မြောက် သင်တန်းဖွင့်ပွဲနှင့် ဒုတိယအကြိမ်မြောက် သင်တန်းသား၊ သင်တန်းသူများအား အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်ရှိ သမဝါယမသင်တန်းကျောင်း၌ ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီက သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)၏ စတုတ္ထအကြိမ်မြောက် သင်တန်းဖွင့်ပွဲနှင့် ဒုတိယအကြိမ်မြောက် သင်တန်းသား၊ သင်တန်းသူများအား အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယခု ဖွင့်လှစ်သည့် သင်တန်းကျောင်း၏ စတုတ္ထအကြိမ်မြောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ပထမနှစ်သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ၂၂ ဦး၊ ဒုတိယနှစ် သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ၁၀ ဦး၊ စုစုပေါင်း ၅၈ ဦး တက်ရောက်ပညာသင်ကြားနေမှုကို တွေ့ရှိရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ရပ်ဝေးမှလာသည့် သင်တန်းသား၊ သင်တန်းသူများကို စားသောက်နေထိုင်ရေးစီစဉ်ပေးပြီး တစ်နှစ်လျှင် သင်တန်းသား၊ သင်တန်းသူ ၇၀ဦးအထိ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေး၊ မကွေး၊ မော်လမြိုင်၊ ပုသိမ် စသည့် မြို့ကြီးများတွင်လည်း တစ်ပြိုင်နက် ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ ဤသင်တန်းမှ သမဝါယမကောလိပ်သို့ပေါင်းကူးရရှိသူများမှာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ငါးဦးနှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် လေးဦး၊ စုစုပေါင်း ကိုးဦးရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယအကြိမ်မြောက် သင်တန်းမှသင်တန်းသား၊ သင်တန်းသူများအနက် သမဝါယမကောလိပ်သို့ ပေါင်းကူးတက်ရောက်ခွင့်ရသော သင်တန်းသား၊ သင်တန်းသူများအား အောင်လက်မှတ်နှင့် ဒုတိယအကြိမ်မြောက်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအား အောင်လက်မှတ်များ၊ သင်တန်းသားအတွက် ချီးမြှင့်ငွေများ၊ ဆန်အိတ်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပေးအပ်ရာ ရှမ်းပြည်နယ် သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ သင်တန်းကျောင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးသင်တန်းကျောင်းမှ တာဝန်ရှိသူများမှ အသီးသီးလက်ခံရယူကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု(မွမ်းမံ)သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

**မကွေး ဇွန် ၁၈**



မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု (မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၁၂)ရပ်အနက် စီးပွားရေးဦးတည်ချက်တွင် ပါဝင်သည့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိသားစုဝင်ငွေတိုးစေရန် မိမိတို့ဒေသရှိ ဒေသထွက်သီးနှံများကို အသုံးပြု၍ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်တတ်စေရန်ရည်ရွယ်၍ မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းများကို စနစ်တကျ လိုက်နာအသုံးပြု၍ မိမိတို့အနေဖြင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာသည်အထိ ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံ သီးနှံ အခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဇွန် ၂ရက်မှ ဇွန် ၈ရက်အထိ အခြေခံနှင့် ဇွန် ၁၀ရက်မှ ဇွန် ၁၆ ရက်အထိ မွမ်းမံသင်တန်းကို ဌာနမှ သင်တန်းနည်းပြများသာမက ပြင်ပမှပညာရှင်များပါ ဖိတ်ကြား၍ မုန့်လုပ်နည်းသင်တန်းများကို သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးအနက်မှ ထူးချွန်သူ ငါးဦးကို စိစစ်ရွေးချယ်ကာ လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

## မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ငလျင်ကာလနောက်ပိုင်းတွင်လည်း အရောင်းအဝယ်ဖြစ်နေ

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ငလျင်ကာလနောက်ပိုင်း နေရာကျယ်ဝန်းသောမြေများ၌ လုပ်ငန်းလုပ်ကိုင်လိုသူများ၏ ဝယ်လိုအားကြောင့် အရောင်းအဝယ်ဖြစ်နေသည်ဟု အိမ်ခြံမြေ အကျိုးဆောင်တစ်ဦးက ပြောသည်။

များသောအားဖြင့် မြို့တွင်းရှိ ကျယ်ဝန်းသော မြေကွက်များ၊ မြေကွက်အလွတ်များနှင့် ဧကကွက်များမှာ စိတ်ဝင်စားမှု များပြားသည်ဟု ဆိုသည်။

"ငလျင်ဒဏ်ခံရပြီး မပြိုသေးတဲ့ အိမ်ခြံမြေတွေလည်း ဝယ်ယူသူရှိတယ်။ ဒါပေမဲ့ ဈေးတစ်သောင်းခွဲနဲ့ ရောင်းမယ်လို့ ဈေးခေါ်ထားတာတွေက တစ်သောင်းကျော်လောက်နဲ့ အရောင်းအဝယ်ဖြစ်တယ်။ ကားတွေထားဖို့နဲ့ ကုန်သိုလှောင်ဖို့အတွက် ဝယ်တဲ့သူတွေက ဧကကွက်တွေကို ဝယ်သူရှိတာကြောင့် အရောင်းအဝယ်ကတော့ ဖြစ်နေပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင် ငလျင်ဒဏ်ခံရသူများက အဆောက်အအုံပြန်လည်ဆောက်လုပ်ချိန်တွင် အိမ်ငှားရှာဖွေနေထိုင်မှုများကြောင့် အငှားဈေးကွက်တွင် ငှားသူများပြီး ငှားရမ်းမည့် အဆောက်အအုံမရှိသလောက်ဖြစ်နေကြောင်း၊ ယခင်အငှားဈေးကွက်ထက် ဈေးနှုန်းမှာ တစ်ဆဝန်းကျင်ခန့် ဈေးမြင့်လာသည်။

ပုံမှန်အားဖြင့် ငလျင်ဘေးသင့်ပြီးနောက် အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်နည်းပါးမည်ဟုဆိုသော်လည်း လက်ရှိတွင် နေရာဒေသအလိုက် အရောင်းအဝယ်အေးနေခြင်းမရှိဘဲ ပုံမှန်အရောင်းအဝယ်ရှိနေသည်ဟု အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

(မန္တလေးနေ့စဉ်-၅)

## မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်မည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး



**မန္တလေး ဇွန် ၁၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၆ရက် မွန်းလွဲ ၂နာရီက တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနခွဲအသီးသီးမှ ဦးစီးအရာရှိများ၊ ခရိုင်ဦးစီးမှူးများ၊ ရက်ကန်းနှင့် သက်မွေးပညာကျောင်းမှ ကျောင်းအုပ်ကြီးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းမှတ်ပုံတင်ရရှိရေး၊ မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ရုံးချုပ်မှ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးများက ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေ၊ ခရိုင်ရုံးများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တင်ပြရာ တိုင်းဒေသကြီး ဦးစီးမှူးက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)




## ကော်မတီအဖွဲ့ဝင်များမှ ခွင့်ပြုပြီးမြေယာများအား မြေပြင်အထိ ကွင်းဆင်းကြီးကြပ်စိစစ်ရန်လိုအပ်

**စစ်ကိုင်း ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုပြီးမြေယာများအား အမှန်တကယ် မြေပြင်တွင်လုပ်ငန်းများ လုပ်ကိုင်ခြင်းရှိ၊ မရှိ ကော်မတီအဖွဲ့ဝင်များမှ မြေပြင်အထိ ကွင်းဆင်းကြီးကြပ်စိစစ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၅)ကို ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခြင်းဖြစ်သည်။

"ကော်မတီအဖွဲ့ဝင်တွေအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ အသေးစား၊ အငယ်စား စီးပွားရေး MSMEs လုပ်ငန်းတွေနဲ့ စွန့်ဦးတီထွင်သူ Startups တွေကို ပံ့ပိုးကူညီပေးသွားကြဖို့ လိုအပ်ပါတယ်။ တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တွေ ဖိတ်ခေါ်တာနဲ့အတူ တာဝန်သိမှု၊ တာဝန်ခံမှု၊ အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ခြင်းက မျှတပြီးကြွယ်ဝတဲ့ လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးသွားဖို့နဲ့ ဟန်ချက်ညီတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ ခွင့်ပြုပြီးမြေယာတွေကို အမှန်တကယ် မြေပြင်မှာ လုပ်ငန်းလုပ်ကိုင်တာ ရှိ၊ မရှိ ကော်မတီအဖွဲ့ဝင်တွေကမြေပြင်အထိ ကွင်းဆင်း ကြီးကြပ်စိစစ်ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဆင့်ဆင့်သန်းက ယခင် အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅ ခုနှစ် မေလအတွင်း စိစစ်ကြပ်မတ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကိုရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကန်ကြီးရပ်ကွက်ရှိ လှိုင်ခမ်းအိမ်ရာ စီမံကိန်းအနီး တောင်ကြီး(ထင်းကြူးပိုင်း)အတွင်း မြေနေရာ၌ ယမန်နေ့ နံနက် ၈ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၅ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ် မိုးအကြိုနဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေဖို့ ဂေဟစနစ်ထိန်းသိမ်းနိုင်ဖို့၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများမှာ ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေဖို့နဲ့ အင်းလေးကန်ရေဝေရေလဲဒေသတွင် သစ်တောများ ပြန်လည်ဖြစ်ထွန်းလာစေဖို့ ရည်ရွယ်ပြီး ကျင်းပတာ ဖြစ်ပါကြောင်း၊ မိမိမြို့ရွာပတ်ဝန်းကျင်ရှိ သဘာဝသစ်တောသစ်ပင်များကို တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်သလို ရပ်ကွက်၊ ကျေးရွာနှင့် ဌာနဆိုင်ရာပိုင် ရုံးဝင်း၊ ခြံဝင်းများ၊ ဘာသာရေးဆိုင်ရာဧရိယာ၊ ပညာရေးဆိုင်ရာ ဧရိယာ၊ အများပိုင် ဧရိယာများအတွင်းရှိ သဘာဝအတိုင်းပေါက်ရောက်နေတဲ့ အပင်များနှင့်စိုက်ပျိုးသော အပင်များကိုလည်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ အပင်မရှိသေးတဲ့ ရုံးဝင်း၊ နေအိမ်ခြံဝင်းများတွင်လည်း သစ်တောဦးစီးဌာနမှ နှစ်စဉ်အခမဲ့ဖြန့်ဝေသော သစ်ပင်များရယူပြီး ရှင်သန်အောင် စိုက်ပျိုး ပြုစု ထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ပျိုးပင်များပေးအပ်ရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က သစ်ပင်စိုက်ပျိုးပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သော လှိုင်ခမ်းအိမ်ရာစီမံကိန်း၊ စိန်နှင်းဆီကုမ္ပဏီအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အမှတ်တရအဖြစ် ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများအလိုက် ချယ်ရီ၊ စိန်ပန်းပြာ၊ ထင်းရှူး၊ ခါတော်မီ စသည့် သစ်ပင်အမျိုးအစား လေးမျိုး၊ ပျိုးပင်စုစုပေါင်း ၁၂၀၀ ပင် စိုက်ပျိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၆၈)**



## အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ဥတ္တရသီရိ ဇွန် ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်သာကျေးရွာ YGW အဝါရောင်မျိုးဆက်သစ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းစာသင်ဆောင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ကျောင်းသား၊ ကျောင်းသူများအား စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများတိုးပွားစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာပြီး စာကောင်း၊ ပေကောင်းများကို လေ့လာတတ်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ယင်းနောက် စာရေးဆရာ မောင်ရည်ကျော်(ရှုပ)က "စာအုပ်၊ စာပေလူ့မိတ်ဆွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ချယ်ချယ်(YU)က "လူငယ်နှင့် ကိုယ်ကျင့်တရား" ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲအပြီးတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတရသ စာအုပ်၊ စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ချမ်းအေးသာစံမြို့နယ်တွင် တတိယနေ့မြောက် သင်္ချာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူ ၁၅၁၇ ဦး လာရောက်ဖြေဆို

**မန္တလေး ဇွန် ၁၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် သင်္ချာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများသည် စာဖြေဌာနအသီးသီးတွင် စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်ကာလကို ဇွန် ၁၆ ရက်မှ ဇွန် ၂၁ ရက်အထိ သတ်မှတ်ထားပြီး ချမ်းအေးသာစံမြို့နယ်တွင် စာဖြေဌာန လေးခု ထားရှိကာ ယနေ့ ဖြေဆိုရာတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၅၂၈ ဦး၊ ပျက်ကွက် ၁၁ ဦး၊ ဖြေဆိုသူ ၁၅၁၇ ဦး ဖြေဆိုခဲ့ကြသည်။



တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများသည် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ချမ်းမြေ့မောင်**

# အိန္ဒိယနှင့် ကနေဒါနှစ်နိုင်ငံအကြားတွင် သံတမန်များ ပြန်လည်ခန့်အပ်သွားမည်

**အော့တဝါ ဇွန် ၁၈**

အိန္ဒိယနှင့်ကနေဒါနှစ်နိုင်ငံအကြား အပြန်အလှန် သံတမန်များ ပြန်လည်ခန့်အပ်ရန် ဇွန် ၁၇က သဘောတူညီခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



မတ်လတွင် စတင်အာဏာရခဲ့သော ဝန်ကြီးချုပ် မာ့ခ်ကာနေက အိန္ဒိယဝန်ကြီးချုပ်နာရင်ဒရာမိုဒီအား ဂျီဆဲဗင်း ထိပ်သီးညီလာခံသို့ ဧည့်သည်တစ်ဦးအနေဖြင့် တက်ရောက်ချီးမြှင့်ရန် ကနေဒါရော့ကီးတောင်တန်းသို့ ဖိတ်ကြားခဲ့သည်။

ကာနေးအာဏာမရမီက ကနေဒါဝန်ကြီးချုပ်ဟောင်း ဂျစ်စတင် ထရူဒိုးသည် ယမန်နှစ်က ကနေဒါနိုင်ငံအတွင်း ဆစ်ခ်ခွဲထွက်ရေးသမားတစ်ဦး လုပ်ကြံခံရမှုတွင် အိန္ဒိယအစိုးရ၏ ပါဝင်ပတ်သက်မှုရှိကြောင်း လူသိရှင်ကြား စွပ်စွဲခဲ့ပြီး အိန္ဒိယသံအမတ်ကြီးကို နှင်ထုတ်ခဲ့ရာ အိန္ဒိယဖက်ကလည်း အလားတူ ပြန်လည်တုံ့ပြန်ခဲ့သည်။

ကာနေးနှင့် မိုဒီတို့နှစ်ဦးမှာမူဓနသဟာယနိုင်ငံများအကြား သံတမန်များကို အမြင့်ဆုံးကော်မရှင်နာများအဖြစ် ပြန်လည်ခန့်အပ်ရန် သဘောတူညီခဲ့ကြသည်။

ထိုခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံရှိ နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ပုံမှန်ဝန်ဆောင်မှုများ ပြန်လည်ရရှိရန် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**






# အမေရိကန်ဆီဖြည့်စစ်လေယာဉ် အနည်းဆုံး အစင်းရေ ၃၀ ကို အမေရိကမှ ဥရောပသို့ ထူးထူးခြားခြားရွှေ့ပြောင်းခဲ့

**ဝါရှင်တန် ဇွန် ၁၈**

အမေရိကန်စစ်လေယာဉ် အနည်းဆုံး အစင်းရေ ၃၀ ကို လွန်ခဲ့သော သုံးရက်အတွင်း အမေရိကမှ ဥရောပသို့ ရွှေ့ပြောင်းခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

ထိုလေယာဉ်များသည် အမေရိကန်တပ်မတော်ပိုင် လေယာဉ်ဆီဖြည့်ယာဉ်အမျိုးအစားများဖြစ်ပြီး တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များကို ဝေဟင်ထဲတွင် ဆီဖြည့်ပေးရန် အသုံးပြုသည်။

ယင်းလေယာဉ်များအနက် အေစီ-၁၃၅ လေယာဉ်အနည်းဆုံး ၇ စီးသည် စပိန်၊ စကော့တလန်နှင့် အင်္ဂလန်ရှိ အမေရိကန်လေတပ်စခန်းများတွင် ခရီးတစ်ထောက်နားခဲ့သည်။

ထိုသို့ လေယာဉ်များ ရွှေ့ပြောင်းလာခြင်းသည် အစ္စရေးနှင့် အီရန်တို့ ပစ်ခတ်မှုများ အပြန်အလှန်ပြုလုပ်နေချိန်နှင့် တိုက်ဆိုင်နေသည်။

အမေရိကန်ဖက်က ပြုလုပ်သော ထိုလှုပ်ရှားမှုများသည် အဆိုပါပဋိပက္ခနှင့် တိုက်ရိုက်သက်ဆိုင်ခြင်း ရှိ၊ မရှိ ထုတ်ပြန်ကြေညာခြင်းမရှိသော်လည်း အဆိုပါ လေယာဉ်ဆီဖြည့်ယာဉ်များ နေရာရွှေ့ပြောင်းခြင်းသည် 'အလွန်ထူးခြားသော' လှုပ်ရှားမှုမျိုးဖြစ်သည်ဟု ကျွမ်းကျင်သူများကသုံးသပ်ကြောင်း သိရသည်။

**Mon**

# တရုတ်နိုင်ငံနှင့် အလယ်အာရှနိုင်ငံ ငါးနိုင်ငံတို့ပူးတွဲကာ မိတ်ဖက်ဆက်ဆံရေးတည်ထောင်ရန် သဘောတူညီ

**အာစတားနာ ဇွန် ၁၈**

တရုတ်နိုင်ငံနှင့် အလယ်အာရှနိုင်ငံ ငါးနိုင်ငံတို့သည် အမြဲတမ်းအိမ်နီးချင်းကောင်းနှင့် မိတ်ဖက်ဆက်ဆံရေးကို တည်ထောင်ရန် သဘောတူညီချက်တစ်ရပ်ကို ဇွန် ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကာဇက်စတန်နိုင်ငံ၏ မြို့တော် အာစတာနာ၌ ကျင်းပသည့် ဒုတိယအကြိမ် တရုတ်-အလယ်အာရှထိပ်သီး အစည်းအဝေးတွင် ကာဇက်စတန်၊ ချီဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံ ခေါင်းဆောင်များနှင့်အတူ အဆိုပါသဘောတူညီချက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

တရုတ်-အလယ်အာရှပူးပေါင်းဆောင်ရွက်မှုသည် နှစ်ပေါင်း ၂၀၀၀ ကျော်ကြာမိတ်ဖက်ဆက်ဆံမှုမှ စတင်ခဲ့ရာ ယင်းဆက်ဆံရေးသည် ညီညွတ်မှုနှင့် အပြန်အလှန်ယုံကြည်မှုဖြင့် ခိုင်မာလာပြီး သံတမန်ဆက်ဆံရေးနှစ် ၃၀ ကျော်အတွင်း တိုးတက်လာသည်ဟုလည်း အဆိုပါ ထိပ်သီးအစည်းအဝေးတွင် သမ္မတရှီကျင့်ဖျင်က ထည့်သွင်းပြောကြားသည်။

ကမ္ဘာကြီးသည် အတက်အကျနှင့် ပြောင်းလဲမှု အသစ်အဆန်းများစွာဖြင့် ဝင်ရောက်လာသည့်အခါတွင် တရားမျှတမှုကို ယုံကြည်ခြင်းနှင့် အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုအပေါ် တည်ရှိနေခြင်းသာ ကမ္ဘာ့တစ်ဝှမ်းငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ပြီး ပူးပေါင်းဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေလိမ့်မည်ဟု သမ္မတရှီကျင့်ဖျင်က မှတ်ချက်ချခဲ့ကြောင်းသိရသည်။ **Mon**

# အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဘာလီလေကြောင်း ခရီးစဉ်များ ဖျက်သိမ်း



**ဂျာကာတာ ဇွန် ၁၈**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားသောကြောင့် ဘာလီအပန်းဖြေကျွန်းသို့ အဝင်၊ အထွက် လေယာဉ်ခရီးစဉ် နှစ်ဒါဇင်ကျော် ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။ ဒေသအာဏာပိုင်များသည် သတိပေးအဆင့်ကို အမြင့်ဆုံးအထိ တိုးမြှင့်ပြီး မြစ်များအတွင်း မီးတောင်နွံ စီးဆင်းမှုအန္တရာယ်ကို သတိပေးထားသည်။

အင်ဒိုနီးရှားနိုင်ငံ မီးတောင်လေ့လာစောင့်ကြည့်ရေး အေဂျင်စီက ဖလာရက်စ်ကျွန်းပေါ်၌ လီဝါတိုဘီလာကီ-လာကီမီးတောင်သည် ဇွန် ၁၇ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းနှင့် ပြာပူများ ၁၀ ကီလိုမီတာအမြင့်အထိ ပန်းထုတ်ခဲ့ကြောင်း ပြောသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာနှစ်ရွာမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ထိခိုက်သေဆုံးမှုများနှင့်ပတ်သက်ပြီး အစီရင်ခံဖော်ပြခြင်းမရှိသော်လည်း လမ်းများပေါ်တွင် ပြာနှင့် ကျောက်စရစ်ခဲအများအပြား ဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။

ဘာလီအပန်းဖြေကျွန်းသို့ ပြည်တွင်းပြည်ပ လေယာဉ်ခရီးစဉ် အဝင်/အထွက် ၃၀ ကျော်ကို ဇွန် ၁၈ ရက်တွင် ဖျက်သိမ်းလိုက်ကြောင်း လေဆိပ်အော်ပရေတာ၏ ထုတ်ပြန်ချက်အရ သိရသည်။

လေယာဉ်ခရီးစဉ်ဖျက်သိမ်းမှုကြောင့် စင်ကာပူ၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ အများဆုံး သက်ရောက်မှုရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

၀-၀-၀-၀-၀

# ကမ္ဘာကျော်စန္ဒယားဆရာကြီး အဲလ်ဖရက်ဘရင်ဒဲလ် အသက် ၉၄ နှစ်အရွယ်တွင် ယမန်နေ့ကကွယ်လွန်

**လန်ဒန် ဇွန် ၁၈**

ကမ္ဘာ့အထင်ရှားဆုံး စန္ဒယားတီးခတ်သူများထဲမှ တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူ အဲလ်ဖရက်ဘရင်ဒဲလ်သည် အသက် ၉၄ နှစ်အရွယ်တွင် ယမန်နေ့က ကွယ်လွန်သွားပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ၎င်း၏နေအိမ်၌ ချစ်ခြင်းမေတ္တာနှင့် ဝန်းရံနေသော မိသားစုဝင်များအကြားတွင် ငြိမ်းချမ်းစွာ ကွယ်လွန်သွားကြောင်း ၎င်း၏ ကိုယ်စားလှယ်များက အတည်ပြုပြောကြားသည်။

တေးပြုဆရာကြီးဘီသိုဗင်၏ လက်ရာများကို အထူးကျွမ်းကျင်စွာ ဖော်ပြနိုင်သူတစ်ဦးအဖြစ် ၎င်းကိုအသိအမှတ်ပြုခဲ့ကြသည်။

၎င်းကို ၁၉၃၁ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် မြောက်မိုရေးဗီးယားဒေသရှိ ဝီဆင်ဘတ်မြို့၌ မွေးဖွားခဲ့ပြီး စစ်ဘေးဒဏ်ခံနေရသော ဩစတြီးယားသို့ မိဘများနှင့်အတူ ပြောင်းရွှေ့နေရခဲ့ရသည်။

အောင်မြင်သော ဂီတပညာရှင်အများစုနှင့်မတူဘဲ ၎င်း၏ မိသားစုဝင်များထဲတွင် ဂီတနှင့်သက်ဆိုင်သူမရှိသလို ၎င်းကိုယ်တိုင်ပင်လျှင် ငယ်စဉ်ကလည်း ဂီတအတွက် ထူးခြားသော ပါရမီမရှိခဲ့ကြောင်း သိရသည်။

**Mon**



# စာအုပ်မိတ်ဆက်လွှာ

## ဖော်ညွှန်းသီ




**စာအုပ်အမည်** - ဆုတောင်းပြည့် ဂျလာရာမ်ဗာဗာ
**စာရေးသူ** - ပါရဂူ
**ထုတ်ဝေသည့်စာပေတိုက်** - စိတ်ကူးချိုချိုစာပေ
**တန်ဖိုး** - ၅၅၀၀ ကျပ်
**ထုတ်ဝေသည့်ကာလ** - ၂၀၂၅ ၊ မေလ(တတိယအကြိမ်)

ဆရာပါရဂူ၏ "ဆုတောင်းပြည့် ဂျလာရာမ်ဗာဗာ" စာအုပ်သည် ၁၉၉၉ ဇွန်လ ဂုဏ်ထူးစာပေ၏ ပထမအကြိမ်မှုအတိုင်း ထုတ်ဝေဖြန့်ချိထားပြီး အမှာစကားနှင့် အတူ ဘဝ၏အစပိုင်း၊ အံ့ဖွယ်အတွေ့အကြုံ၊ အနူချေတ္တရ၊ အစမ်းအသပ်ခံဗာဗာ၊ ဂျလာရာမ်၏သီလ၊ ဘဝ၏ အတက်အကျ၊ အတက်နှင့်အကျ၊ အနတ္တစကြဝဠာနှင့် ပေါင်းဆုံခြင်း ခေါင်းစဉ်တို့ဖြင့် ရေးသားထားသည်။

ဤစာအုပ်သည် ဂျလာရာမ်ဗာဗာ၏ အံ့ဖွယ်ဘဝအဖြစ်အပျက်များစွာထဲမှ မိသားစုအတွင်း ကြားသိခဲ့သော အကြောင်းအရာများကို အခြေခံ၍ ရေးသားစုစည်းထားသော စာအုပ်ဖြစ်သည်။ ဂျလာရာမ်ဗာဗာသည် ဂူဂျာရတ်ပြည်နယ် Virpur မြို့မှ သာသနာရေးဆရာတစ်ဦးဖြစ်သည်။ သူသည် လူငယ်အရွယ်မှစ၍ ပရဟိတလုပ်ငန်းများ ပြုလုပ်ခဲ့သည်။

စာအုပ်ထဲတွင် "တကယ်ကို တန်ဖိုးထားတဲ့ အရာအတွက် စွန့်လွှတ်တတ်ဖို့၊ မတူညီသူများကိုလည်း တန်ဖိုးထားဖို့၊ ယုံကြည်မှုသည် အံ့ဖွယ်အရာများကို ဖြစ်နိုင်စေတယ်၊ မျှဝေပေးခြင်းက သာယာအေးချမ်းမှုကို ဖြစ်စေနိုင်တယ်၊ နူးညံ့မှုနဲ့စိတ်ထားကောင်းခြင်းသည် အရေးကြီးဆုံး" စသည်ဖြင့် လူ့ဘဝနေထိုင်စဉ်ကာလအတွင်း ထားရှိရမည့် စိတ်နေစိတ်ထားများအကြောင်းကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်သည်။ ဂျလာရာမ်ဗာဗာ၏ မျိုးဆက်ပေါင်းများစွာမှ ကျော်ကြားသည့်အဖြစ်အပျက်များ၊ လူမှုဖိအားများ၊ စမ်းသပ်မှုများ၊ သံယောဇဉ်မပြတ်သော သံယောဇဉ်နှင့် တန်ခိုးရှိသော (Miracle) များအကြောင်းတို့ကို ဖတ်ရှုရမည့်စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး)စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

**စာအုပ်အမည်** - နားကားသွားမယ်
**စာရေးသူ၊ (ကာတွန်းရေးဆွဲသူ)** - နဂါးလေး(အမရပူရ)
**ထုတ်ဝေသည့်စာပေတိုက်** - ဆောင်းစုရတီစာပေ
**တန်ဖိုး** - ၁၀၀၀၀ ကျပ်
**မျက်နှာဖုံးဒီဇိုင်း** - မြင့်လွင်ဦး
**ထုတ်ဝေသည့်ကာလ** - ၂၀၂၅ ၊ ဇွန်လ (ပထမအကြိမ်)

ကာတွန်းဆရာ နဂါးလေး (အမရပူရ)၏ ကာတွန်းများကို စုစည်းထားသော စာအုပ်ဖြစ်ပြီး ဆောင်းစုရတီစာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ စာအုပ်တွင် ကာတွန်းဝင်းအောင်၏ "မှော်ရုံတောမှာ ပျော်တဲ့သူ (သို့မဟုတ်) ကာတွန်းနဂါးလေး အမှာစာနှင့် ကာတွန်းပေတလူ၏ အမှာမိတ်ဆက်စကားတို့နှင့်အတူ ကာတွန်းပုံပေါင်း ၁၄၀ ပါရှိသည်။




"ကာတွန်းဆရာဆိုတာကို သရုပ်ခွဲကြည့်ရရင် (၁)ကာတွန်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုသူ၊ (၂)ရပ်တည်မှုအတွက် အခြားအလုပ်တစ်ခုကို လုပ်ပြီး ဝါသနာအရ အပျော်တမ်းကာတွန်းရေးဆွဲသူဆိုပြီး နှစ်မျိုး နှစ်စားရှိတယ်။ ကာတွန်းရေးဆွဲခြင်းတစ်ခုတည်းနဲ့ ရပ်တည်တယ်ဆိုတဲ့ ကာတွန်းဆရာက အင်မတန်ရှားပါတယ်။ ဒီအလုပ်က အသက်မွေးဝမ်းကျောင်းအလုပ်လို့ ပြောဖို့ အင်မတန်ခက်ပါတယ်။ ဒီတော့ တခြားအလုပ်တစ်ခုနဲ့ တွဲပြီး လုပ်ရတဲ့သူတွေရှိမယ်။ ရံဖန်ရံခါ ဝါသနာအရ အပျော်ရေးတဲ့သူတွေရှိမယ်။ တချို့ဒီလောကက ပျောက်ကွယ်သွားသူတွေလည်း ရှိပါတယ်။ အသက်(၆၀)ကျော်ပင်စင်ယူတဲ့ အရွယ်မှာတော့ တစ်ကျော့ပြန်ပေါ်လာတတ်တဲ့ သဘောတော့ရှိတယ်။ အဲ့ဒီအချိန်မှာ မိသားစုတာဝန်တွေကလည်း မရှိတော့ဘူး။ သား၊ သမီးတွေကလည်း အရွယ်ရောက် လုပ်ငန်းခွင်ဝင်နေပြီဆိုတော့ အနှစ်နှစ်အလလက မရေးခဲ့ရသမျှ အတိုးချပြီး ရေးကြတော့တာပဲ။ သူတို့မိသားစုကို ထမင်းကျွေးခဲ့တဲ့အလုပ်ထက် ပိုချစ်ကြတယ်။ ပြီးတော့ သူတို့လုပ်ခဲ့တဲ့ အလုပ်တွေရဲ့ ဘွဲ့ထူး၊ ဂုဏ်ထူးတွေထက် သူတို့နာမည်ရှေ့က "ကာတွန်း" ဆိုတဲ့ နာမဝိသေသနကို ပိုပြီး မြတ်နိုးတန်ဖိုးထားကြတယ်။ အဲ့ဒီအထဲမှာ ကျွန်တော့်သူငယ်ချင်း ကာတွန်းနဂါးလေးလည်း ပါဝင်ပါတယ်"။

**(ကာတွန်းဝင်းအောင်၏ အမှာစာမှ)**

သန့်ရှင်းသပ်ရပ်သော ကာတွန်းပုံများဖြင့် ရယ်ရွှင်ဖွယ်ကာတွန်းများကို ဖတ်ရှုရမည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တော်ဝင်သဇင်

(ဒွေးချိုးတွဲ)

* ပွင့်လှာဆင်
တင့်ဖြာအစဉ်တန်ဖိုးထား
မွှေးမြလှိုင်
သွေးအလှမြိုင် နေ့ရက်ဆက်
စွဲမက်စိတ်အား။
* ပန်းသဇင်
နန်းတစ်ခွင် စံပွင့်ထိုက်
နွမ်းတစ်ခါ
ပန်းပဝါ ပွင့်လှာသွေး
မြတ်နိုးထွေးပိုက်။
* ရတက်မပွေ
အသက်မျှလေ ကြင်နာပျိုး
အသိမယိုင်
ထိမကိုင် ပွင့်လှာခက်
ဖျန်းပက်ချစ်မိုး။
* လမင်းပျို
မြအဆင်းလို ပန်းအလှ
ပျံ့ဝတ်ရည်
အနံ့ဖြစ်တည် ရင်အသည်း
မြဲခိုင်နွယ်ခ ။ ။

သူ့ထက်ဆန်း(မန္တလေး)




## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျောက်ဆည်မြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းဘက်စုံသုံးခန်းမတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အနာဂတ်မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဘက်စုံထူးချွန်ထက်မြက်စေရန်၊ လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်းက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်းအရာများကို အသီးသီးအသိပညာပေးဟောပြောကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
(၄၈၅)

၀-၀-၀-၀-၀-၀-၀





## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

**မိုင်းပျဉ်း ဇွန် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်အသိပညာပေးရှင်းလင်းပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းစာသင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ အတွင်းရေးမှူး ရဲမှူးစိုးလွင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးစိုင်းထွန်းစိန်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကိုလည်းကောင်း၊ အဖွဲ့ဝင် ဥပဒေအရာရှိ ဦးမျိုးဇော်အောင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဥပဒေများအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင် လမ်းဦးစီး ဒေါ်သူဇာခိုင်က လမ်းနယ်၊ လမ်းညွှန်ဆိုင်းဘုတ်များ အကြောင်းကိုလည်းကောင်း အသိပညာပေးရှင်းလင်းဟောပြောကြသည်။

အဆိုပါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အသိပညာပေးရှင်းလင်းပွဲအခမ်းအနားသို့ မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အ·ထ·က(ခွဲ) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ဆီဘောက်ဆာမော်တော်ယာဉ် တိမ်းမှောက်မှုကြောင့် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ကလော ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၌ ဆီဘောက်ဆာမော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၈၇ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား သီခေါင်တောင်အဆင်းလမ်းကွေ့၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ် (၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အောင်ပန်းမြို့မှ ဟဲဟိုးမြို့သို့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ မျိုးဇော်လင်းထွေး ၄၄ နှစ်ဆိုသူ မောင်းနှင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရေနီမြို့နေ ကျော်ကိုကို ၂၈ နှစ်ဆိုသူတို့ လိုက်ပါလာသည့် YGN-21/1N----- NISSAN UD QUESTER ၂၂ဘီး အနီရောင် ဆီဘောက်ဆာမော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သဖြင့် မျိုးဇော်လင်းထွေးနှင့် ကျော်ကိုကိုတို့ နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးရမိ

**မူဆယ် ဇွန် ၁၈**

ရှမ်းပြည်နယ်(မြောက် ပိုင်း)၊ မူဆယ်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ ကောင်းမှုတုံရပ်ကွက်၊ ဆင်ဖြူဂိတ်အနီး၌ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မူဆယ်မြို့နယ်၊ မန့်ဟီးရိုးမြို့နေ အိုက်ဦး(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် SHN-36/7H----- LANDCRUISER PRADO အဖြူရောင်မော်တော်ယာဉ်နှင့် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ ဟွမ်ပန်းဆိုက် (၃၃)နှစ်ဆိုသူ မောင်းနှင်လာသည့် ယာဉ်နံပါတ်တပ်ဆင်ထားခြင်း မရှိသည့် HAVAL H9 JEEP အဖြူရောင် မော်တော်ယာဉ် နှစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်များနှင့်ပတ်သက်သည့်အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်း မရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အိုက်ဦးနှင့် ဟွမ်ပန်းဆိုက်တို့ နှစ်ဦးအား မူဆယ်မြို့မရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့၊ တောင်သမန်အင်းမြို့ပတ်လမ်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း အမျိုး ၂၀နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် To yota Hiace Mini Bus တစ်စီးကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း၊ ဟန်မြင့်မိုရ်-ရွာငံလမ်း၊ ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂၆မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head သုံးစီး၊ Dong Feng Tractor Head တစ်စီး၊ Ho wo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ငါးတွဲကိုလည်းကောင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၁၈

အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ်၊ နမ္မတူမြို့နေ မ------/၁၇/၂၀၂၅ နှစ်နှင့် မ------/၁၆/၂၀၂၅ နှစ်တို့ နှစ်ဦးသည် ၂၀၂၃ ခုနှစ် (ရက်/လ) မမှတ်မိတွင် မူဆယ်မြို့ ဂိမ်းဆိုင်တွင် အလုပ်လုပ်ကိုင်နေစဉ် မဆိုင်ဟွမ်နှင့် ယခင်က လားရှိုးမြို့ Spa ဆိုင်၌ အလုပ်အတူလုပ်ကိုင်ခဲ့သူ မခမ်းလင်းက Tik Tok @User 217194 7360280 အကောင့်ဖြင့် ဆက်သွယ်၍ တရုတ်ကောင်မလေးလုပ်ရမည်၊ ယွမ် ၃၅၀၀၀ ရရှိမည်၊ မပျော်ပါက ပြန်ခေါ်ပေးမည်ဟု စည်းရုံးကာ မခမ်းလင်းက စိုင်းခမ်းကော်နှင့် ဇနီး မနန်းယွမ်းယာတို့ထံ ချိတ်ဆက်ပေးခဲ့ပြီး အဆိုပါလင်မယားက တရုတ်နိုင်ငံနေသူ မအေနန်းထံ ၎င်းတို့နှစ်ဦး၏ ဓာတ်ပုံရိုက်ယူ၍ ပို့ဆောင်ပေးခဲ့ကြောင်း စိုင်းခမ်းကော်မှ ၎င်းတို့ နှစ်ဦးအား မူဆယ်-သိန္နီ-နမ့်တစ်သို့ ကားအဆင့်ဆင့်ဖြင့် ခေါ်ဆောင်ကာ အမည်မသိ တည်းခိုခန်းသို့ ပို့ဆောင်ခဲ့စဉ် ၎င်းအမျိုးသမီးငယ်နှစ်ဦးက တရုတ်ယောက်ျားယူရန် ဆန္ဒမရှိတော့၍ မူဆယ်မြို့သို့ ထွက်ပြေးလာခဲ့သဖြင့် စိုင်းခမ်းကော်ပါ လေးဦးအား ရဲအုပ် ခိုင်ထူးဗိုလ် မူဆယ်တပ်ဖွဲ့စု (၁၇) မှ တရားလို ပြုလုပ်တိုင်တန်းခဲ့ပြီး မူဆယ်မြို့မရဲစခန်း (ပ)၈၂/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ပို့ခဲ့သည်။

မူဆယ်ခရိုင် တရားရုံးမှ ဇွန် ၁၆ ရက်တွင် တရားခံ စိုင်းခမ်းကော် ရပ်ကွက်(၆) နောင်ပိန်ရွာ ကျောက်မဲမြို့ ရှမ်းပြည်နယ်နှင့် မနန်းယွမ်းယာ ပုံပာရွာ စလန်းပုန်ထွန်အုပ်စု မိုင်းရယ်မြို့ ရှမ်းပြည်နယ်တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) ဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မခမ်းလင်း အေးမေတ္တာဘုန်းကြီးကျောင်းအနီး အမှတ်(၂)ရပ်ကွက် ကျောက်မဲမြို့ ရှမ်းပြည်နယ်နှင့် မအေနန်း မိန်းတိန်မြို့ တရုတ်နိုင်ငံနေသူတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သုံးလုံးချဲထီရောင်းချသူအား ဖမ်းဆီးရမိ

**တာချီလိတ် ဇွန် ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက် ဝမ်ဟောင်ကျေးရွာနေ စိုင်းပီး၏ နေအိမ်ဈေးဆိုင်တွင် သုံးလုံးချဲထီလောင်းကစားပြုလုပ်ရောင်းချနေကြောင်း သတင်းအရ ရှာဖွေစစ်ဆေးရန် ဟောင်လိတ်နယ်မြေရဲစခန်းမှ ရဲအရာခံဗိုလ်ဇော်ဦး၊ ရဲတပ်ကြပ်စိုင်းထက်အောင်၊ ရဲတပ်ကြပ် ရဲထွဋ်အောင်၊ ရဲဒုတိယတပ်ကြပ်မင်းသူ၊ ရဲဒုတိယတပ်ကြပ်ဆန်းဝင်း၊ တာချီလိတ်ခရိုင်မူခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ်ကျော်ဇေယျ၊ ရဲတပ်ကြပ်ကြီးတင်သန်းစိုးတို့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးကြရာ စိုင်းပီးဆိုသူမှာ နေအိမ်ဆိုင်ခန်းအတွင်း နီ/နက်ရောင်ထိုင်ခုံတွင် ထိုင်လျက် ၎င်း၏ရှေ့တွင်ချထားသော စားပွဲခုံပေါ်မှာ ချဲထီလောင်းကစားစာရွက်စာတမ်းကိရိယာများနှင့်အတူ လောင်းကြေးငွေများ တွေ့ရှိရသဖြင့် တရားမဝင်သုံးလုံးချဲထီလောင်းကစားဒိုင်ပြုလုပ်ရောင်းချနေသူ စိုင်းပီး(သ)၃၃ နှစ်ဆိုသူအား ဥပဒေအရ ဟောင်လိတ်နယ်မြေရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# ကိန္နရီ ကိန္နရာ ကဟန်လေးက

ဦးနေဝင်း ဗန္ဓုလ(ကြေးသွန်း)

ကိန္နရီမောင်နှံလို တူစုံတွဲကာ နွဲ့လို့ရယ်--- ခင်ရယ်နေ့ရော ညစဉ် မင်းမျက်နှာကိုကွယ် ---ဒီမောင် တရေးရေးနဲ့ မြင်ယောင်မိသေးတယ်။ အဆင်းရူပကာ မြင်သူတိုင်း ဘဝင်အသည်းမှာ စွဲလောက်တယ်--- အမြဲကွယ်စွဲလို့သာနေပါတယ် ---။

ရေဒီယိုမှ ခေတ်ဟောင်းသီချင်းဖျော်ဖြေခန်းမှာ အဆိုတော်မင်းသားကြီး ခင်မောင်ရင်ရဲ့ ချွဲပြစ်ပြစ်အသံနဲ့ သီဆိုထားတဲ့ သီချင်းသံကြားရတော့ ကိန္နရီမောင်နှံတို့ရဲ့ ချစ်ဇာတ်လမ်းပုံပြင်လေးကို သတိရမိပါတယ်။ ကိန္နရီမောင်နှံတို့ တူစုံတွဲလို့ မခွဲနိုင်မခွာရက်ရှိကြတာဖြင့် တစ်ညတာလေး လေပြင်းမုန်တိုင်းကြောင့် ကွဲကွာသွားခဲ့တာကို ရက်ပေါင်း ၇၀၀ လွမ်းဆွေးမပြေနိုင်ဘူးလို့ ပြောကြတယ်။ တချို့ကလည်း ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာအထိ လွမ်းလို့၊ ဆွေးလို့ မပြေနိုင်ဘူး။ ပြောဆိုရေးသားကြတာ မယုံနိုင်စရာဖြစ်ရပါတယ်။ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ကြားဖူးနားဝစကားတွေကို မယုံ့တယုံ လက်ခံပြောဆိုနေကြရပါတယ်။ ကိန္နရီ ကိန္နရာငှက်တို့ရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၇၀၀ အထိရှိရအောင် ဒီလောက်ရှည်ကြာပါ့မလားလို့ တွေးမိပါတယ်။ ဘယ်ခေတ်၊ ဘယ်ကာလက စတင်ပေါ်ပေါက်လာခဲ့တာပါလိမ့်လို့ မတွေးတောမိသလို တချို့များကျတော့လည်း ကိန္နရီ ကိန္နရာ ငှက်စုံတွဲဆိုတာ ဘယ်ဟာကအထီး၊ ဘယ်ဟာက အမဆိုတာတောင် သဲသဲကွဲကွဲ မပြောနိုင်ကြပါဘူး။

ကျွန်တော်တို့ နိုင်ငံမှာတော့ ငယ်စဉ်ကတည်းက စာသင်ခဲ့ရတဲ့အထဲမှာ ဒွေးမယ်နော်အကြောင်း ပါရှိခဲ့တာမို့ ဒွေးမယ်နော် ဇာတ်လမ်းထဲက ညီအစ်မခုနစ်ဖော်လောက်ကိုပဲ ကြားဖူးနားဝရှိခဲ့ ကြပါတယ်။ သီချင်းတွေထဲမှာပါသလို ဒွေးမယ်နော် မင်းသမီးလေးဟာ ငွေတောင်ပြည်ကို ပြန်သွားတဲ့အခါ ဇာတ်ထဲမှာတော့ မင်းသားလေးက ငိုခဲ့ရတာပေါ့။ ဒီအခန်းဟာ အလွမ်းဆုံးပဲလို့ သီဆိုကြပါတယ်။

ဒါကြောင့် ငွေတောင်ပြည်လို့ တင်စားခေါ်ဝေါ်တဲ့ ကယားပြည်နယ်က ဒဏ္ဍာရီဆန်ဆန်ပုံဝတ္ထုထဲကလို သုခနုမင်းသားနဲ့ ဒွေးမယ်နော်ဇာတ်လမ်းလေးကို လူသိများခဲ့ကြတယ်လို့ထင်ပါတယ်။

စာရေးသူက ကိန္နရီ ကိန္နရာအကြောင်း ရေးသားတင်ပြမယ် စိတ်ကူးရှိတာကြောင့် စာပေတွေထဲမှာ ရှာဖွေကြည့်တဲ့အခါ ကိန္နရီ ကိန္နရာအကြောင်းတွေ ပါရှိတာတွေ့ရပါတယ်။ အဖိုအမကွဲပြားပေမယ့် ကိန္နရီ ကိန္နရာဆိုတဲ့အမည်နဲ့ အခေါ်အဝေါ်စကားကို ဘာသာအမျိုးမျိုးမှ အဓိပ္ပာယ်အမျိုးမျိုးတွေကို ပြဆိုထားပါတယ်။

လူလော ငှက်လော စသည်ဖြင့်လည်း အဓိပ္ပာယ်ဖော်ကြပါတယ်။ ပါဠိကျမ်းဂန်စာပေတွေထဲမှာ ငှက်ကိုယ်နှင့်လူခေါင်းရှိကြောင်း၊ သီဟိုဠ်နှင့်အိန္ဒိယစာပေတို့မှာ အောက်ပိုင်း၌ ငှက်သဏ္ဌာန်ဖြစ်ပြီး အထက်ပိုင်း၌ လူသဏ္ဌာန်ရှိကြောင်းကို အမျိုးသား



ယဉ်ကျေးမှုစာစောင်တွေမှာ ရေးသားဖော်ပြကြပါတယ်။ ပါဠိဘာသာဖြင့် ဖော်ပြရာမှာ လူမျက်နှာနှင့်မြင်းကိုယ်၊ မြင်းမျက်နှာနှင့်လူကိုယ်၊ သို့မဟုတ် လူနှင့်တူလွန်းလှတဲ့ တိရစ္ဆာန်ဖြစ်တယ်လို့လည်း ဖော်ပြထားပါတယ်။ ရှင်းလင်းအောင် ရေးပြရပါလျှင် လူကဲ့သို့သော ငှက်ထီးနှင့်ငှက်မဟူ၍လည်း ဖွင့်ဆိုပြရမှာ ဖြစ်ပါတယ်။

ဘုရားဟောဇာတ်တော်များမှာ ကိန္နရီ ကိန္နရာမောင်နှံတို့အကြောင်းများ ပါရှိနေခြင်းကို ထောက်ရှုလျှင် သမိုင်းမတင်မီ ခေတ်ကတည်းက အဲဒီတိရစ္ဆာန်သတ္တဝါများ တည်ရှိနေခဲ့ပြီလားလို့ ယူဆနိုင်ပါတယ်။ အများအားဖြင့် ကိန္နရီ ကိန္နရာသည်။ အိန္ဒိယပြည်မှ အရင်းအမြစ်ဖြစ်တယ်လို့ ဖော်ပြကြတာတွေ တွေ့ရပါတယ်။ လူကိုယ်နှင့်မြင်းခေါင်း၊



မြင်းကိုယ်နှင့်လူခေါင်းရှိ သတ္တဝါတွေကို ကိန္နရီ ကိန္နရာလို့ ခေါ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

မြန်မာပြည်မှာတော့ ခေတ်အဆက်ဆက်က ထုလုပ်ရေးဆွဲခဲ့ကြတဲ့ ပန်းချီ၊ ပန်းပု၊ ပန်းတမော့လက်ရာများမှာလည်း ခါးအထက်ပိုင်းမှာ လူကိုယ်နှင့်ခါးအောက်ပိုင်းမှာ ငှက်သဏ္ဌာန်အရုပ်များကိုသာ တွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံမှာ ရှေးအကျဆုံးလို့ ယူဆနိုင်တဲ့ လက်ရာတစ်ခုမှာ မှော်ဇာနယ်ဗေဒါရီရဲ့ ဂူအတွင်းမှာရှိတဲ့ ကျောက်ဆစ်လက်ရာ ကိန္နရီ ကိန္နရာစုံတွဲပုံဖြစ်တယ်လို့ ယူဆကြတဲ့အတွက် ထိုကျောက်ဆစ်ရုပ်တုမှာ သရေခေတ္တရာခေတ်လောက်က ဖြစ်နိုင်ကြောင်းနှင့် အဲဒီရုပ်တုဟာ 'က' ဟန်ထုလုပ်ထားတာတွေ့ရပါတယ်။ ပုဂံမြို့မှာရှိတဲ့ဘုရားစေတီများရဲ့ နံရံတွေမှာလည်း ကိန္နရီ ကိန္နရာ 'က'ဟန်များကို တွေ့ရှိရပြန်ပါတယ်။ ပုဂံမြို့တစ်နေရာရှိ စေတီတစ်ဆူအတွင်း တံကဲတစ်ခုပေါ်မှာ ရေဆွဲထားတဲ့ ပန်းချီလက်ရာ ကိန္နရာကိုကြည့်ပါက လက်နှစ်ဖက်မှာ တကယ့်လူပုံစံအတိုင်း 'က'နေတဲ့ဟန်ကို သရုပ်ဖော်ထားပါတယ်။

ပုဂံမင်းနံ့သူရှာရှိ စေတီတစ်ဆူရဲ့ လိုဏ်အတွင်းမှာရှိတဲ့ ကိန္နရီ ကိန္နရာ ဆေးရေးပန်းချီပုံမှာတော့ တွဲဖက်ကနေတဲ့ဟန်ဖြစ်ပြီး ပုဂံခေတ်ဆိုင်ရာ ပန်းချီပုံတော်တော်များများမှာတော့ ကိန္နရီကဟန်ပုံတွေမှာ အတောင်ပံထားရှိမှုကိုပါ နှိုင်းယှဉ်လေ့လာကြည့်ရှုနိုင်ပါတယ်။ ပန်းချီတွေမှာ ကိန္နရီ ကိန္နရာတို့ဟာ သီဆိုတီးမှုတ်ကခုန်တတ်တဲ့ သတ္တဝါတွေဖြစ်ကြောင်း တွေ့ရှိခဲ့တာကြောင့် ကဟန်များကို ရေးဆွဲထုဆစ်ခဲ့ကြတာလား အဖြေထုတ်ဖို့ မလွယ်ကူလှပေ။ နှိုင်းယှဉ်ဥပမာပြရပါလျှင် ဘီလူးဆိုတာကိုယ်အမူအရာခက်ထန်ပေမယ့်လည်း အိန္ဒိယမှ အစပြုခဲ့တဲ့ ရာမဇာတ်တော်မှာဇာတ်ကြောင်းအရကပြသူတစ်ဦးဖြစ်လာရပါတယ်။

မြန်မာနိုင်ငံဘက်ရောက်ရှိလာတဲ့ ရာမဇာတ်ဟာ သရေခေတ္တရာခေတ်က ဘီလူးစစ်တိုက်ဟန်ကကွက်ဟာဟန်တွေရှိကြောင်း သိရပါတယ်။ ဒီလိုပါပဲ ဇော်ဂျီဆိုတာ တောထဲတောင်ထဲမှာနေပြီး ဆေးမြစ်ရှာတယ်။ ဆေးကြိတ်တယ်၊ ဓာတ်လုံးထိုးတယ်၊ လူတို့ကပြတဲ့ ဇာတ်ခုံပေါ်မှာတော့ ဇော်ဂျီအရုပ်ဟာ ဇော်အကကို ကပြနေရတာပါပဲ။ အသေအချာတွေးကြည့်ရင်တော့ ကိန္နရီ ကိန္နရာကဟန်များဟာ ပုဂံခေတ်လောက်က ရှိနေပြီလို့ ယူဆနိုင်ပေမယ့်လည်း ခိုင်လုံတဲ့ အထောက်အထား ရှာရပါမယ်။ မြန်မာအက သမိုင်းစာအုပ်တွေထဲမှာ ရာမဇာတ်တို့၊ အီနောင်ဇာတ်တို့၊ မနော်ဟာရီဇာတ်တို့ ပါရှိပါတယ်။ မနော်ဟာရီဆိုတာ မြန်မာဇာတ်တွေမှာ ဒွေးမယ်နော်လို့ ကင်ပွန်းတပ်ကြပါတယ်။

ကုန်းဘောင်ခေတ်မှာ နာမည်ကြီး လူကြိုက်များတဲ့ ဇာတ်လမ်းတွေဖြစ်နေတာကြောင့် မနော်ဟာရီဇာတ်ကပြလို့ ကိန္နရီအက ထွက်ပေါ်လာခဲ့သလို၊ ရတနာပုံခေတ် နန်းတွင်းမှာတော့ မင်းသမီးတွေထဲမှာ မထွေးလေးက မနော်ဟာရီအဖြစ် ကပြခဲ့ပါတယ်။ မထွေးလေးဟာ ကိန္နရီအကကောင်းကြောင်း၊ မထွေးလေးနာမည်ကြီးတာလည်း ကိန္နရီအကကြောင့်ဖြစ်ကြောင်း ပြောစမှတ်ပြုခဲ့ကြတယ်။ ကိန္နရီအကဆိုတာ ငှက်တစ်ကောင်ပမာ ဝဲပျံကာ ကရပါတယ်။ ဝတ်ဆင်ထားတဲ့ အဝတ်မှာလည်း အချွန်အတက်တွေ၊ အတောင်ပံတွေ၊ အမြီးနှင့်ခေါင်းပေါ်မှာ အမောက်တွေ၊ စည်းပုံအဆောင်း၊ လည်ဆွဲဘယက်တွေ၊ လက်ကတော့တွေနှင့် မကခင်ကအလိုလို လှပနေမှာလို့ မြင်မိပါတယ်။ နန်းတွင်း (သို့မဟုတ်) မြေဝိုင်းကပွဲမှာ ဟိုဟိုဒီဒီပြေးလွှားလို့ အတောင်ပံခတ်ဟန်ပြုရာမှာ လက်ကလေးနှစ်ဖက်လှုပ်ပြလိုက်၊ ပြေးလွှားလိုက်၊ ပျံသန်းနေဟန် ပြုလိုက်နှင့် တကယ်တမ်းပျံတက်သွားတော့မှာလားဟု ထင်ရလောက်အောင် ဖြစ်ခဲ့ကြရတယ်လို့ စာပေထဲမှာ ဖတ်ရှုရပါတယ်။ ပျံသန်းကရတဲ့ ကိန္နရီ ကိန္နရာတို့ရဲ့ အတောင်ပံတွေဟာ လက်ကောက်ဝတ်မှာ တပ်ဆင်ထားတော့ လက်လှုပ်တယ်ဆိုရင်ပဲ အသက်ဝင်လို့ နေပါပြီ။ သက်ရှိ ငှက်သတ္တဝါတွေလိုပဲ အတောင်ပံတပ်တာဟာ ပခုံးမှာဆိုရင် ကပြရန်လှပမယ်မထင်ပါ။ ကိန္နရီ ကိန္နရာဆိုတာ ငှက်အမျိုးအစားအဖြစ် ဖန်တီးကပြကြရတာကြောင့် အတောင်ပံနှစ်ဖက်ဟာ ခါးမှာတပ်ရမှာလား၊ ပခုံးမှာတပ်ရမှာလား၊ လက်ကောက်ဝတ်မှာတပ်ရမှာလား ကြိုက်နှစ်သက်ရာစဉ်းစားပြီး ကပြလို့ သင့်တော်အဆင်ပြေမယ်ထင်တဲ့ နေရာလည်းဖြစ်ရမယ်၊ ကြည့်လို့လည်း လှပရမယ်၊ အဆင်ပြေလိုက်လျောညီထွေဖြစ်ရင် ရပါတယ်။

ကိန္နရီကကြိုးဆိုတာ တခြားအကတွေလောက် ကကြိုးကဟန် မယ်မယ်ရရ မများလှပေ။ လက်ကောက်ဝတ်မှာ အတောင်ပံနှစ်ဖက်တပ်ထားပြီး လက်နှစ်ဖက်ကို ဝိုင်းကာမြှောက်လို့ လှုပ်ခါပြလိုက်ရင် ကြည့်ကောင်းတာပါပဲ။

ရှေးခေတ်ပန်းချီလက်ရာတွေကို ရှာဖွေလေ့လာကြည့်ရာမှာ ကုန်းဘောင် အမရပူရခေတ် နံရံဆေးရေးပုံများမှာ တောတောင်ရှုခင်းနှင့် အထက်ကောင်းကင်မှာ လေဟုန်စီးသွားလာနေကြတဲ့ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ လူပျံပုံတွေ တွေ့ရတဲ့အထဲမှာ လူပျံပုံရဲ့ ပခုံးမှာ အတောင်ပံတပ်ဆင်ထားတာ တွေ့ရပါတယ်။ ပုဂံခေတ်နံရံဆေးရေးပန်းချီပုံတွေမှာလည်း ကိန္နရာရုပ်၊ ဂဠုန်ရုပ်၊ မကားရ်ရုပ် အစရှိတဲ့ တိရစ္ဆာန်ပုံတွေ တွေ့နိုင်ပြီး ငှက်သတ္တဝါမျိုးနွယ်အရုပ်များကိုမှ အတောင်ပံနှစ်ဖက်ကို ပခုံးနှင့်ခါးမှာ တပ်ဆင်ထားကာ ရေးဆွဲသရုပ်ဖော်ထားကြောင်း တွေ့ရပါတယ်။



## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ကျောင်းသား၊ ကျောင်းသူ ၂၄၄ ဦး ဖြေဆို

**ကျွန်းလှ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို စာစစ်ဌာနတစ်ခု၌ ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူ ၂၄၄ ဦး ရှိပြီး ၉၈ ဒသမ ၃၈ ရာခိုင်နှုန်း ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ တက္ကသိုလ်ဝင် စာမေးပွဲ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပညာရေးဌာန၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးများက ပူးပေါင်းကြီးကြပ်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)
(၄၈၀)

## ပွင့်ဖြူမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ပြည်သူများ အသိအမြင် ဗဟုသုတများ တိုးပွားစေရန်အတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော ရေဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် ရေဘေးအန္တရာယ်များဖြစ်သည့် ရေကြီး၊ ရေလျှံမှုများ၊ ကမ်းပါးပြိုကျမှုအန္တရာယ်များ၊ ရေဘေးကြောင့် အသက်အန္တရာယ်ထိခိုက်မှု မဖြစ်စေရေး၊ ရေဘေးအသက်ကယ်ဆိုင်ရာ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ရေဘေးအန္တရာယ် ကျရောက်စဉ်နှင့် ကျရောက်ပြီးချိန်တွင် လုပ်ဆောင်ရမည့် အချက်များ စသည့်ရေဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အများပြည်သူသိသင့် သိထိုက်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် သက်ဆိုင်သော ပညာပေးဆွေးနွေးပွဲများကို လစဉ် ကျင်းပလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၄၅)






## ရပ်စောက်မြို့နယ် ကျောက်တောခေတ်မီစံပြကျေးရွာ၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရပ်စောက် ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်တောကျေးရွာအုပ်စု၊ ကျောက်တောခေတ်မီစံပြကျေးရွာ၌ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို အဆိုပါကျေးရွာဓမ္မာရုံ၌ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာဝင်းပပနှင့် ဝန်ထမ်းများက ကျန်းမာရေးနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်မျိုးအောင်က ကျား၊ မ ရေးရာ ကိစ္စရပ်နှင့် ပတ်သက်သည့်အကြောင်းအရာများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာမင်းဇော်က တိရစ္ဆာန်ကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောခဲ့ကြသည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနများမှ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးမှူးနှင့် အဖွဲ့များ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)
မြို့နယ်(ပြန်/ဆက်)

## သဘာဝဘေးအန္တရာယ်များအကြောင်း သိကောင်းစရာနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေး


**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် KMC ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်များ အကြောင်းသိကောင်းစရာနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၆ ရက်က မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၄ လမ်းရှိ အဆိုပါ ကျောင်းအားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် KMC ကိုယ်ပိုင်အထက်တန်းကျောင်း အုပ်ချုပ်သူ ဦးခင်မောင်ချိုက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက လျှင်ဘေးသဏ္ဌာန်တူလေ့ကျင့်ခဲ့ကြသည်။

ထို့နောက် KMC ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်ချုပ် သူ ဦးခင်မောင်ချိုနှင့် ဒေါက်တာဥမ္မာတို့က မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ငွေကျပ်ငါးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



## မင်းဘူးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မင်းဘူး ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။



ရှေးဦးစွာ မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့်ပတ်သက်၍ နိုင်ငံတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မိမိတို့ဘက်ကလည်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖြစ်မြောက်အောင်မြင်နိုင်ရေးအတွက် ပညာရေးဌာနလက်အောက်ရှိ ဆရာ၊ ဆရာမများအပါအဝင် စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မင်းဘူးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က မင်းဘူးမြို့ အ·ထ·က (၂) တွင် ကျင်းပမည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၏ အစီအစဉ်များကို ပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပွဲတော်ကျင်းပမည့် လုပ်ငန်းများ၏ သဘောသဘာဝနှင့် လုပ်ငန်းတာဝန်များအကြောင်းကို အပြန်အလှန် တိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)
(၅၀၄)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံးဘေးထွက်ပစ္စည်း သတင်းစာစက္ကူရိုက်ပျက်နှင့် လိပ်ခွာပျက်(ဖြူပျက်) (၅ ဒသမ ၂၇၆)တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်း လေလံခေါ်ယူ ရောင်းချမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ပစ္စည်းအမျိုးအစားများ - Thailand နိုင်ငံထုတ် News Print Paper CAS Brite 48.8 gsm အမျိုးအစား
(၁)ရိုက်ပျက် - (၄ ဒသမ ၇၃၉)တန်
(၂)လိပ်ခွာပျက်(ဖြူပျက်) - (၀ ဒသမ ၅၃၇)တန်
(ခ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၃-၆-၂၀၂၅
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၇၀နှင့် ၇၁လမ်းကြား
(ဃ) တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် - ၁၄-၇-၂၀၂၅(၁၆:၃၀)နာရီ
(င) တင်ဒါရွေးချယ်မည့်နေ့ရက်နှင့်အချိန် - ၁၇-၇-၂၀၂၅(၉:၃၀)နာရီ
(စ) တင်ဒါရွေးချယ်မည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၇၀နှင့် ၇၁လမ်းကြား
(ဆ) တင်ဒါလျှောက်လွှာတစ်စုံရောင်းချဈေးနှုန်း -ကျပ် ၂၀၀၀/-

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈၊ ၀၉-၇၉၇၅၇၅၂၇၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၅)၊ ဦးပိုင်အမှတ်(၂၉/အ)၊ ဧရိယာ(၀ ဒသမ ၀၂၈၇)ဧက အကျယ်အဝန်းရှိသော ဦးမောင်မောင်သန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၁)ထပ်အဆောက်အအုံ(၁)လုံး၊ (၂)ထပ်အဆောက်အအုံ(၁)လုံး၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၀-၃-၂၀၁၅)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၇၃/၂၀၁၅)အရ တရားဝင် ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးဝင်းမောင်(ဘ)ဦးပေါချွန်(၉/မနမ(နိုင်)၀၄၅၂၉၄)၊ ၂။ ဒေါ်တင်နွဲ့(ဘ)ဦးသိန်းမောင်(၉/မနမ(နိုင်)၀၄၅၂၀၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**
**ladylawyer.khinninisoe@gmail.com**

## အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၃၄-ခ-၂)၊ ဧရိယာ(၀ ဒသမ ၀၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၃၄-ခ-၂)၊ ဧရိယာ(၀ ဒသမ ၀၀၆)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဒေါ်ပိုင်း၊ ဦးမြင့်ဦးအမည်ဖြင့် မြေနေရာချထားပေးသော စလစ်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်မြမြသင်း(ဘ)ဦးမြသိန်း(၁၂/မဂတ(နိုင်)၀၈၅၂၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုလုပ်ထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်မေ (LL.B)　　ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၁၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၅၃-ခ)၊ မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးသန်းထွန်း(ဘ)ဦးရွှေအမည်ဖြင့် ချထားရရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၁)ထပ်၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဒေါ်သင်းသင်းစိုး(ဘ)ဦးတင်စိုး(၁၀/သထန(နိုင်)၂၂၈၈၅၈)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**၃၀အေလမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၃၅၀၀၇၁**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၂)၊ ဦးပိုင်အမှတ်(၅၈+၆၉) မြေကွက်ပေါ်တွင် ဦးနေလင်းစိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၇/ပမန(နိုင်)၀၉၉၀၀၀)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၉)၊ ဦးပိုင်အမှတ်(၄၂) မြေကွက်ပေါ်တွင် ဒေါ်ဖြူပြာသိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မကန(နိုင်)၁၀၇၆၁၉)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၉)၊ ဦးပိုင်အမှတ်(၃၇) မြေကွက်ပေါ်တွင် ဦးမျိုးအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၁၁၉၄၃၆)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆၀)၊ ဦးပိုင်အမှတ်(၇၄)မြေကွက်ပေါ်တွင် ဦးအောင်မြင့်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၂၃၃၈၃)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆၀)၊ ဦးပိုင်အမှတ်(၇၅)မြေကွက်ပေါ်တွင် ဦးအောင်ဇေယျာမိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဘတလ(နိုင်)၁၀၈၇၆၆)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပျောက်ဆုံးကြောင်း

မရွှေ(ဘ)ဦးရောက်ဖ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၁၀၄၂၈၀)ကိုင်ဆောင်သူသည် Passport No. အမှတ် ME 009958 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မရွှေ**
**ဖုန်း ၀၉-၇၅၁၈၃၂၄၈၆**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆၀)၊ ဦးပိုင်အမှတ်(၉၆)မြေကွက်ပေါ်တွင် ဦးဇော်မျိုးလင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပဘန(နိုင်)၂၆၁၈၆၂)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၅)၊ ဦးပိုင်အမှတ်(၃)မြေကွက်ပေါ်တွင် ဒေါ်ငယ်လေးကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/အလန(နိုင်)၀၄၀၅၄၄)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၁)၊ ဦးပိုင်အမှတ်(၁၂)မြေကွက်ပေါ်တွင် ဒေါ်သန္တာဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/မရက(နိုင်)၀၀၃၇၃၉)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ လေ့ကျင့်ရေးနဲ့ ကျန်းမာကြံ့ခိုင်မှုဟာ အပြန်အလှန်သက်ရောက်မှုရှိပြီး လေ့ကျင့်နေမှသာလျှင် ကျန်းမာကြံ့ခိုင်နေမှာ ဖြစ်နေသလို ကျန်းမာကြံ့ခိုင်နေမှလည်း လေ့ကျင့်ရေးလုပ်ငန်းတွေကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်နိုင်မှာ ဖြစ်တယ်။ လေ့ကျင့်ရေးလုပ်ဆောင်ခြင်းဟာ ကြံ့ခိုင်မှုနဲ့ ကျွမ်းကျင်မှုရှိဖို့ဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၆၆) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဟာဗျူဟာမြောက် MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆင့်(၂)အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အဆင့်(၂)အတွက် ပြည်ပမှ မှာယူထားသော တည်ဆောက်ရေး ပစ္စည်းများ ဆိပ်ကမ်းသို့ရောက်ရှိပါက အမြန်ထုတ်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားပေးစက်များ လည်ပတ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှုကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် Machine Hall အတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနေမှု၊ အဆင့်(၂) ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ ၇၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆင့်(၂)အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ စက်တင်ဘာလအတွင်း ရာနှုန်းပြည့်ပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ အဆိုပါ ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက လက်ရှိ ဓာတ်အားပေးစက် နှစ်လုံးမှ ဓာတ်အား ၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိရာမှ ၁၂၀ မဂ္ဂါဝပ်သို့ တိုးမြှင့်၍ဓာတ်အားထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်မောင်းနှင်နိုင်ရန်အတွက် ကျောက်မီးသွေး သိုလှောင်ရုံများအတွင်း ကျောက်မီးသွေးများ သိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် ပြာသိုလှောင်ရုံအတွင်း ကျောက်မီးသွေးပြာများ စနစ်တကျထုပ်ပိုးသိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောက်မီးသွေး တူးဖော်ရေး လုပ်ကွက်အတွင်း စက်ယာဉ်/ ယန္တရားကြီးများဖြင့် ကျောက်မီးသွေးများ တူးဖော်ထုတ်ယူနေမှုနှင့် ကျောက်မီးသွေးများ စဉ်ဆက်မပြတ် ဆက်လက်တူးဖော်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကလောမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ကလောပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး မန္တလေး ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဓာတ်အားခွဲရုံ ဧည့်ရိပ်သာအတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုများ အမြန်ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်များ ရေးဆွဲထုတ်ပြန်၊ ပွဲစဉ်(၁)တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့ တွေ့ဆုံ



**လန်ဒန် ဇွန် ၁၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်များအား ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ပွဲစဉ်(၁)တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲစဉ်တစ်ပွဲ ဖြစ်နေဦးမည်ဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံ လီဗာပူးအသင်းမှာမူ ပွဲစဉ်(၁)တွင် ဘုန်းမောက်အသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

ယခု ၂၀၂၅-၂၀၂၆ ဘောလုံးရာသီသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ (၃၄)ရာသီမြောက်ဖြစ်ပြီး အရင်ရာသီအတိုင်း ပြိုင်ပွဲဝင် အသင်း (၂၀)ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲကို ၂၀၂၅ခုနှစ် ဩဂုတ် ၁၆ရက်တွင် စတင်သွားမည်ဖြစ်ပြီး ၂၀၂၆ မေ ၂၄ရက်တွင် ပြိုင်ပွဲပြီးဆုံးသွားမည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပွဲစဉ်(၁)တွင် အာဆင်နယ်အသင်းအား အိမ်ကွင်းတွင် လက်ခံကစားပြီး အနိုင်ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရဦးမည်ဖြစ်ကြောင်း သိရသည်။ (NGB)